ကြေးမုံ The Mirror

၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (12-3-2004) (၄၁၇၃)

သိပ္ပံစွ တော် မင်္ဂလ မုတ္တမံ။

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရစ်ရှနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ခုနှစ် မတ် ၁၂ရက်တွင် ကျရောက်သော မော်ရစ်ရှသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရစ်ရှသမ္မတနိုင်ငံသမ္မတ ဆာ၊အနိရု(ဒ်)၊ဂျ(ဂ်)နို(သ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အစဉ်အလာကောင်းများနှင့် ပြည့်စုံသော တပ်မတော်

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့သမိုင်းက တောင်းဆိုလို့ပေါ်ပေါက်လာရတဲ့ တပ်မတော် ဖြစ်တယ်။ သာမန်ဖွဲ့စည်းပြီး တည်ထောင်ထားတဲ့ တပ်မတော်မျိုးမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သမိုင်းအမွေကို ဆက်ခံတဲ့တပ်မတော်ဟာ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတယ်ဆိုတာ ရဲဘော်တို့ကို ပြောကြားလိုတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ ယခုကာလအထိ တပ်မတော်မှာ ဝင်ရောက်အမှုထမ်းခဲ့တဲ့ လူငယ်လူရွယ်တွေဟာ ဘာအခွင့်အရေးကိုမှ ကိုယ်ကျိုးအတွက် မမျှော်ကိုးခဲ့ဘဲ၊ ဒို့နိုင်ငံ၊ ဒို့လူမျိုးအတွက် အလုပ်အကျွေးပြုမယ်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်အရ တပ်ထဲဝင်လာခဲ့ကြတာဖြစ်တယ်။

ဒါ့ကြောင့် ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ ပြည့်စုံညီညွတ်တာ ထင်ရှားနေတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

ချွေးတွေစို့ရွှဲနေသော်လည်း မမောနိုင်ပါ

သတင်းဆောင်းပါး – ဦးဇော်

ရန်ကုန် မတ် ၁၁

နိုင်ငံတော်အကြီးအကဲ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တနင်္သာရီတိုင်းခရီးစဉ်မှာ ၂၅–၂–၂၀၀၄ ရက်နေ့တွင် နိုင်ငံတော်၏ တောင်ဘက်စွန်း ကော့သောင်းမြို့မှ စတင်ခဲ့ပြီး ခမောက်ကြီး၊ ကျောက်ထနောင်း၊ ကရသူရိ၊ ဘုတ်ပြင်း၊ ပြည်ကြီးမဏ္ဍိုင်၊ တနင်္သာရီ၊ မြိတ်၊ ကျွန်းစု၊ ပုလော၊ ပလောက်၊ ထားဝယ်၊ မောင်းမကန်နှင့် ဟိန်းဇဲဒေသတွေကို ၁–၃–၂၀၀၄ ရက်နေ့အထိ ခြောက်ညအိပ် ကြာခဲ့သည့် ခရီးစဉ်ဖြစ်သည်။

ခရီးစဉ်ကာလသည် ဆောင်းအကုန် နွေကိုကူးသည့် တပေါင်းလ ဖြစ်သော်လည်း တနင်္သာရီ၏ နွေဦးသည် နေ့ခင်း၌ ပူအိုက်လှသည်ဟု ဆိုရပါမည်။ ခရီးတစ်ထောက်နား၍ ရဟတ်ယာဉ်ပေါ် တက်သည့်အခါ တိုင်း လေယာဉ်ပေါ်ရှိ အပူအအေးတိုင်းသည့် ပြဒါးတိုင်ကိုကြည့်လိုက်သည့်အခါ Celsius 45 ဒီဂရီထိ မြင့်တက်နေသည်။ ရဟတ်ယာဉ်သည် နေအပူရှိန်ကြောင့် ခြစ်ခြစ်တောက်ပူနေပြီး အမြင့်ရောက်တော့မှသာ တဖြည်းဖြည်း အပူရှိန်လျော့ကျသွားသည်။ ဤအပူရှိန်နှုန်းဖြင့် တစ်နေ့ အဆင်းအတက် သုံးကြိမ်၊ လေးကြိမ်နှုန်းမျှဖြင့် ခရီးကြမ်းနှင်ရသည့် အခြေအနေသည် အသက်အရွယ် ရလာပြီဖြစ်သည့် နိုင်ငံတော်အကြီးအကဲအတွက် သက်သာလှသည် မဟုတ်ပါ။ ချွေးတွေစို့ရွှဲသာမက ရုပ်အင်္ကျီသည်ပင် ချွေးတွေ စိုရွှဲလာသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ သို့ရာတွင် မမောနိုင်ပါ။ အပင်ပန်းခံ၍ သွားလာသလို စူးစမ်းမေးမြန်းမှုနှင့် ရှင်းလင်းမှာကြား လမ်းညွှန်မှုများကို မမောမပန်း စိတ်ဝင်တစား လုပ်ဆောင်သည်။ တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက်၊ တပ်မတော်အတွက် ဘဝကို ရင်းနှီးမြှုပ်နှံပြီး ဖြစ်၍ အလုပ်အကြောင်းစဉ်းစားပြီး ကဏ္ဍစုံကို လက်လှမ်းမီသရွေ့ အချိန်လု ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တနင်္သာရီတိုင်းသည် လူဦးရေ ၁၄သိန်းကျော်ခန့်ရှိပြီး မြေသယံဇာတ၊ ရေသယံဇာတပေါများပြီး ရေလုပ်ငန်းကလည်း ပင်လယ်ပြင် သယံဇာတများဖြင့်ပင် အခြေခိုင်မာသည်။ သတ္တုသိုက်များရှိသကဲ့သို့ သစ်တောသယံဇာတလည်း ရှိသည်။ ဆီအုန်း၊ ရော်ဘာ၊ ငှက်ပျောကောင်းတို့အတွက် ရေ၊ မြေ၊ ရာသီဥတုက အဆင်သင့်အခြေအနေပေးနေသည်။ စိုက်ပျိုးမြေများအနက် လပ်ထားသည့်မြေနှင့် လယ်ကောတွေကလည်း ဧကနှစ်သောင်းကျော်၊ သုံးသောင်းခန့်ရှိသည်။ အပင်ပန်းခံ၍ စပါးစိုက်ပျိုးမည့်သူ မရှိ။

သယံဇာတပေါများသလောက် လူဦးရေက နည်းနေသည့်အပြင် သားငါးကဏ္ဍ၊ မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းတို့က ဆွဲဆောင်မှုရှိသော ... ဆူလွယ်နပ်လွယ်သော စီးပွားရေးလုပ်ငန်းများအဖြစ် ရပ်တည်ခဲ့သည်။ တစ်ဖက်နိုင်ငံသို့လည်း အလုပ်ကြမ်း သွားရောက်လုပ်ကိုင်နေမှုများရှိရာ စိုက်ပျိုးရေးကဏ္ဍမှာ ပိုမိုအားနည်းခဲ့ရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀

အမှတ်တရ ဆီအုန်းပင်စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယုဇနကုမ္ပဏီ လီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို ဖေဖော်ဝါရီ ၂၆ရက်က အမှတ်တရ ချီးမြှင့်စိုက်ပျိုးပေးစဉ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၂-၃-၂၀၀၄
(သောကြာနေ့)

အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါနှင့်အညီ ပြည်သူ့အကျိုးစီးပွား ထာဝစဉ်သယ်ပိုးထမ်းရွက်

နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်ဖြစ်သည်။ တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၌ ပေါက်ဖွားလာခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုနှင့် လက်တွဲ၍ လွတ်လပ်ရေးရရှိစေရန် ဆောင်ရွက်ပေးခဲ့သော တပ်မတော်အဖြစ် သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့သည်။

အမျိုးသားနိုင်ငံရေး ရည်မှန်းချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ကြိုးပမ်းတည်ထောင်ခဲ့သည့် တပ်မတော်တွင် လူငယ်လူရွယ် အမြောက်အမြားသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုစွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် တပ်မတော်သို့ ဝင်ရောက်လာကြသူများသည် အမျိုးသားရေးကို အသက်နှင့်လဲ၍ အစဉ်ကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အတွက် မျိုးချစ်တပ်မတော်ဟူသည့် အစဉ်အလာကို ရရှိခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကပင် အသိစိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းခဲ့သဖြင့် ခိုင်ခိုင်မာမာကြီးထွားလာခဲ့ခြင်း ဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏မဏ္ဍိုင်လည်းဖြစ်သည်။ ထို့ကြောင့်ပင် စည်းစနစ်ကျနသော တပ်မတော်အဖြစ် စစ်စည်းကမ်း၊ စစ်ဥပဒေနှင့် စစ်သည်တော်ကျင့်ဝတ်များကို လိုက်နာခဲ့ကြရာ ပြည်သူလူထုက ယုံကြည်လေးစားချစ်ခင်သော တပ်မတော်ဖြစ်ပေသည်။

တပ်မတော်သားများသည် တပ်မတော်၏ ကျင့်ဝတ်သိက္ခာဖြစ်သည့် အပါး ၆၀သောစစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းလိုက်နာပြီး စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်သားဘဝကို ခံယူထားကြသည်။ တပ်မတော်သားတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံရန် စောင့်ထိန်းလိုက်နာကြရသည်။

ထို့ကြောင့် တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲ ခံနိုင်ခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ခြင်းဟူသည့် အစဉ်အလာကောင်း ၁၂ရပ်နှင့် ပြည့်စုံလျက်ရှိသည်။

ယခုအခါနိုင်ငံတော် အစိုးရသည် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ရပ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တပ်မတော်သည် အဓိကတာဝန်ကြီးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို အလေးထားထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တစ်ဝန်း မော်တော်ကားလမ်း၊ ရထားလမ်းဖောက်လုပ်သည့် လုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံများ တည်ဆောက်သည့် လုပ်ငန်းများတွင် အပင်ပန်းခံ၊ အဆင်းရဲခံ၍ ပါဝင်ဆောင်ရွက်နေကြကြောင်း တွေ့မြင်နေရသည်။

ယင်းသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ နိုင်ငံတော်တည်ဆောက်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်နေကြခြင်းမှာ နိုင်ငံချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး မိဘပြည်သူများကို အလုပ်အကျွေးပြုလိုသော အရင်းခံဗီဇစိတ်ကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝရ ကာကွယ်စောင့်ရှောက်လျက်ရှိသော တပ်မတော်သည် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါနှင့်အညီ တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်ထာဝရ သယ်ပိုးထမ်းရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခေါင်စံရာ မြသီတာ စေတီတော် ရွှေထီးတော် တင်လှူပူဇော်မည်

ရန်ကုန် မတ် ၁၁

ဧရာဝတီတိုင်း ကြခင်းမြို့ သမိုင်းဝင် အခေါင်စံရာ မြသီတာ စေတီတော်၊ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲနှင့် ပေါ်တော်မူဘုရား မွမ်းမံပူဇော် အနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့မှ မတ် ၁၃ ရက် စနေနေ့ ညနေ ၇နာရီတွင် ကမ္ဘာအေးကုန်းမြေ၊ သာသနာရေးဝန်ကြီးဌာန ရုံးရှေ့(စုရပ်) မှကားများထွက်ခွာမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မတ် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးယုလွင်အောင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန
(ခ)	ဒေါက်တာထွန်းနိုင်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန

ပေါ်တူဂီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၁၂

ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာအထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်အေးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် လစ်စဘွန်းမြို့၌ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော့ဖာနန်ဒို၊ ဘရန်ကို၊ ဒယ်၊ ဆမ်ပိုင်အိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

နွေသို့ရောက်လျှင်



– (၁) –

☆ နွေ၏အစ၊ တပေါင်းလတွင်
စိမ်းမြရွက်သစ်၊ ဖူးပုရစ်တို့
နုမျစ်ရှင်းသန့်၊ ဝန်းကျင်နှံ့စွာ
ပျံ့ပျံ့ပျူးပျူး၊ အလှထူးလျက်
လေရူးသုတ်သုတ်၊ ဖြုတ်ဖြုတ်လွင့်ကြွေ၊
ရွက်ဝါတွေလည်း၊ မြေမှာပြန့်ကျဲ၊
ပြောင်းလဲရာသီ၊ နွေပန်းချီမှ၊
တိုင်းပြည်အတွက်၊ အသက်စတေး၊
ပေးဆပ်ထားခဲ့၊ ပြောက်ကျားစစ်သည်၊
အာဇာနည်ကို၊ ရည်ညွှန်းကဗျာ၊
ရေးဖွဲ့ပါလျှင်၊ ရင်မှာလှိုင်းခတ်၊
ပွဲတင်ထပ်သည်၊ တပ်မတော်သူရဲကောင်း
သမိုင်းကြောင်း။

– (၂) –

☆ နွေတစ်ညမှာ၊ ပြာလဲ့ကောင်းကင်
ကြယ်စင်လည်းကင်း၊ လမင်းမရှိ၊
ပကတိအမှောင်၊ သန်းခေါင်ညဥ့်ထဲ၊
ရဲရဲထိုးဖောက်၊ ပြောက်ကျားတို့စစ်၊
ဖက်ဆစ်တော်လှန်၊ သေနတ်သံတွေ၊
လေမှာပျံ့ဝဲ၊ မစဲမရပ်၊
ပစ်ခတ်စီးနင်း၊ ဖက်ဆစ်ကင်းကို၊
ဖြိုခွင်းလျှပ်တစ်ပြက်၊ ဘက်နက်လုံ့စွပ်
သွေးဆွတ်စိုရွှဲ၊ နီမောင်းရဲခဲ့၊
တိုက်ပွဲနွေည၊ အမှတ်ရမိ၊
မတ်လနှစ်ဆယ့်ခွန်၊ ရက်မြတ်မွန်တည့်။

– (၃) –

☆ မတ်လသရုပ်၊ အထုပ္ပတ်ကို၊
ညွှန်းဆိုပါမည်၊ ပြည်သူစည်းရုံး၊
နိုင်ငံလုံးက၊ ညီညွတ်ကြလျက်၊
ရိုးမပဲခူး၊ ဖြတ်ကူးစစ်တောင်း၊
မြစ်ကြောင်းအနှံ့၊ ဖြန့်ကြက်ဝိုင်းဝန်း၊
မုန်တိုင်းစစ်ဆင်၊ မြစ်ပြင်တစ်ဝှမ်း၊
သွေးလွှမ်းတိုက်ပွဲ၊ မစဲနွေည၊
ပြင်းထန်လှသည်၊ ကျဆုံးသေကျေ၊
ဖက်ဆစ်တွေလည်း၊ ရေမှာပေါ်လော၊
မျောပါမဆုံး၊ အတုံးရုံးပင်၊
ရှုံးနိမ့်ဘဝ၊ ကျရောက်ရပြီ၊
မြန်မာ့ပြောက်ကျား၊ ပြည်သူ့စစ်သားတို့၊
အင်အားကျစ်လျစ်၊ အောင်ပွဲဖြစ်ခဲ့၊
ဖက်ဆစ်စနစ်၊ နေဝင်ချိန်။

– (၄) –

☆ တိုင်းရင်းသားတို့၊ အင်အားကျစ်လျစ်၊
ပြည်သူ့စစ်ကို၊ ညွှန်းဆိုခဲ့သော်၊
တပ်မတော်က၊ ကြွေးကြော်ထာဝရ၊
မူဝါဒမှာ "နိုင်ငံလွတ်လပ်ရေး၊
ရရှိရေးအတွက်၊ အသက်ကိုပေး၊
နှောင့်မနှေးလို့"၊ "လွတ်လပ်ရေးကို
ဖြိုခွဲလုပ်ကြံ၊ ရန်သူမှန်သမျှ၊
ချေမှုန်းရမည်၊ ဦးတည်ရာလမ်း၊
အေးချမ်းဖွံ့ဖြိုး၊ တိုးတက်ခေတ်မီ၊
ရွှေပြည်တော်သို့၊ ချီတက်စို့"ဟု၊
ညွှန်းပြုတိုင်တည်၊ ခိုင်ကျည်မြဲမြဲရဲရဲတည်း။

– (၅) –

☆ **နွေသို့ရောက်လျှင်၊ ရင်မှာလှိုင်းခတ်၊**
ပွဲတင်ထပ်ခဲ့၊ ထုပ္ပတ်ကဗျာ၊
ဖူးပွင့်လာသော် -----
"တပ်မတော်သည်၊ ပြည်သူထဲက၊
လာခဲ့ရ၍၊ ဘဝမမေ့၊
မကွေ့မကောက်၊ မဖောက်မပြန်၊
ဇာတိမာန်က၊ နိုင်ငံအတွက်၊
ယုံကြည်ချက်ကို၊ အသက်စတေး၊
သွေးဖြင့်ရေးမည်၊ အနီထဲက၊
တက်ကြွကြယ်ဖြူ၊ အလံထူပြီး၊
ပြည်သူတို့နှင့် အတူတည်း။"

ကေတုနီလာ

(ပဲခူးရိုးမနှင့် စစ်တောင်းမြစ်ဝှမ်း ပြောက်ကျားတိုက်ပွဲများကို ခံစားရေးဖွဲ့ပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည်။)

ယုဇန ဆီအုန်းပျိုးခင်း

ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်း စိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းပျိုးပင်များကို တွေ့ရစဉ်။

ရွှေးတွေ့ခိုရှဲနေသော်လည်း မမောနိုင်ပါ

❀ ရှေ့ဖုံးမှ

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လွန်ခဲ့သောငါးနှစ်ခန့်ကပင် တနင်္သာရီတိုင်းသည် သယံဇာတ အခြေခံပြည့်စုံသော တိုင်းနယ်မြေဖြစ်သည့်အတွက် အမှန်တကယ် ကြိုးစားအလုပ်လုပ်မည်ဆိုပါက အချမ်းသာဆုံး၊ ဝင်ငွေအကောင်းဆုံးတိုင်း ဖြစ်လာနိုင်သည်ဟု ညွှန်ပြခဲ့ပြီး ဒေသဆန်ဖူလုံရေးကို တွန်းအားပေးခဲ့သည်။ နိုင်ငံတော်စားသုံးဆီဖူလုံရေးလုပ်ငန်းအတွက် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက် ချမှတ်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီအုန်းဧက ထောင်သောင်းချီ၍ စတင်စိုက်ပျိုးစေခဲ့သည်။ နိုင်ငံတော်အပိုင်းက တာဝန်ယူလုပ်ဆောင်ရမည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ဖောက်ချအကောင်အထည်ဖော်စေခဲ့သည်။

ထို့ကြောင့်လည်း မိုးစပါး၊ နွေစပါး စပါးစိုက်ဧက တိုးချဲ့စိုက်လာပြီး ယခုနှစ်တွင် ၈၅ရာခိုင်နှုန်းခန့်အထိ ဒေသဆန်ဖူလုံလာသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၆၈ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာနေသည်။ ယခုခရီးစဉ်၌လည်း ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေးကို ဦးစားပေးတွန်းအားပေးပြီး စပါးစိုက်ဧကတိုးချဲ့စိုက်ရာ၌ လပ်မြေများကို အပြည့်အဝအသုံးပြုရန်၊ မြေပြန့်၊ ကုန်းပြန့်မရှိသည့်နယ်မြေများ၌ ကုန်းမြင့်လယ်ယာစနစ်၊ ချိုင့်ဝှမ်းစိုက်ပျိုးစနစ်တို့ဖြင့်အားဖြည့်ပြီး စပါးတိုးချဲ့စိုက်ရန်မှာကြားခဲ့သည်။ အထွက်နှုန်းမှာလည်း ၅၇တင်းခန့်ပဲရှိ၍ အထွက်ကောင်းစပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် ထပ်မံတာဝန်ပေးခဲ့သည်။ ခြုံလိုက်လျှင် ကော့သောင်းခရိုင်၊ မြိတ်ခရိုင်၊ ထားဝယ်ခရိုင် ခရိုင်သုံးခုရှိရာ ခရိုင်လုံးကျွတ် ဆန်စပါးဖူလုံမှု မရရှိနိုင်သေးဘဲ ထားဝယ်ခရိုင်က ၉၁ရာခိုင်နှုန်း၊ မြိတ်ခရိုင်က ၈၃ရာခိုင်နှုန်း၊ ကော့သောင်းခရိုင်က ၇၂ရာခိုင်နှုန်းသာ ဖူလုံသည်။ ကော့သောင်းခရိုင်မှာ အားအနည်းဆုံးဖြစ်သည်။

ထို့ကြောင့် **"မြေသယံဇာတ၊ ရေသယံဇာတပြည့်စုံသည့်အပြင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးရာသီ ဖြစ်တည်ပြီး သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်သည့် ရာသီဥတုအခြေအနေကောင်းရှိသည့် ဒေသဖြစ်၍စားဝတ်နေရေးအတွက် အခြားဒေသတွေအပေါ်မှီခိုအားထားနေရသော အစဉ်အလာဟောင်းကို ကျော်လွှားသင့်ပြီဖြစ်ကြောင်း၊ ဒေသဆန်ဖူလုံရေးစီမံချက်သည် စက္ကူပေါ်မှာသာ ရေးဆွဲထားသည့် စီမံကိန်းမျိုးမဖြစ်စေဘဲ လက်တွေ့ရုပ်လုံးဖော်နိုင်သည့် စီမံချက်ဖြစ်ရန် အရေးကြီးကြောင်း"** သတိပေးလမ်းညွှန်သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ဒေသဆန်ဖူလုံရေးကို မည်သို့မည်ပုံ လက်တွေ့ကျကျ အကောင်အထည်ဖော်သင့်ကြောင်း ညှိနှိုင်းအစည်းအဝေးကို ဗိုလ်ချုပ်ကြီးသူရရွှေမန်းကိုယ်တိုင်ဦးစီး၍ တွန်းအားပေးသည်။ တွက်ချက်ခိုင်းသည်။

တကယ်မလုပ်၍လည်းမဖြစ်တော့ပါ။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ရခိုင်တို့သာ ဆန်ဖူလုံပိုလျှံသည့် ပြည်နယ်/တိုင်း ငါးခုသာရှိခဲ့ရာမှ နိုင်ငံတော်၏ ဦးဆောင်မှု၊ ဒေသခံများ၏ ကြိုးပမ်းမှုအစုစုတို့ကြောင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့သည်ဆန်ပိုလျှံလာသည်။ ကရင်၊ ကယား၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့သည် ဆန်ဖူလုံလာနေပြီဖြစ်သည်။ ရေခံ၊ မြေခံနှင့် ရာသီဥတုအခြေအနေကောင်းတို့ရှိနေသော တနင်္သာရီတိုင်းသည် အချိန်မီ ဆန်ဖူလုံလာအောင် အားထုတ်ရမည်။ ဖြစ်နိုင်လျှင် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့ကဲ့သို့ ကုန်ထုတ်လုပ်မှုတန်ဖိုးပမာဏ ကြီးမားသော တိုင်းကြီးအဖြစ် တက်လှမ်းနိုင်ရပါမည်။ ဖြစ်လည်းဖြစ်နိုင်သော အခြေခံများရှိပြီးဖြစ်သည်။ ထိထိမိမိအလုပ်လုပ် ဖော်ထုတ်အသုံးချနိုင်ရန်သာလိုသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက **"တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး ဒေသများဖြစ်သည့် မြိတ်နှင့် ထားဝယ်တို့၌ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း"**

"ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိသွားနိုင်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူးတံတားအားလုံးကိုလည်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရေး-ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှ ထားဝယ်သို့ နေ့ချင်းပေါက်သွားလာနိုင်ပြီး၊ ထပ်မံပြေပြစ်ချောမောအောင် ပြုပြင်နေမှုများ ပြီးစီးသွားပါက ယခုထက်အချိန်တိုတောင်းစွာ မြန်မြန်ဆန်ဆန်သွားနိုင်တော့မှာ ဖြစ်ကြောင်း"

"နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေပုံပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ တနင်္သာရီအပိုင်းကလည်း ကုန်ထုတ်လုပ်မှုမြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ရန် ဖြစ်ကြောင်း" ရှင်းလင်းမှာကြားသည်။

လက်တွေ့လည်း နိုင်ငံတော်အပိုင်းက တနင်္သာရီတိုင်းတစ်ခုလုံး၌ လုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီး လုပ်ဆောင်ပေးလျက်ရှိသည်။

ယခုဆိုလျှင် မိုင်(၄၅၀)ခန့်ရှည်သော ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ကားလမ်းသည် ပြည်သူအများ အသုံးပြုနိုင်သော လမ်းဖြစ်နေပြီဖြစ်သည်။ လမ်းတစ်လျှောက်၌ မြစ်ကူး၊ ချောင်းကူးတံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ လေညာ-မဏ္ဍိုင်တံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား စသည့်တံတားခုနစ်စင်း တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ရေး-ထားဝယ် ရထားလမ်း၌ ရေးတံတား တည်ဆောက်ပြီးဖြစ်ရာ မော်လမြိုင်-ရေး-ထားဝယ် သွားရေးလာရေး လွယ်ကူသွားသည်။ ၁၇ နာရီကြာသွားရသော မော်လမြိုင်-ထားဝယ် ခရီးကို မကြာမီ ၁၅ နာရီ၊ နောက်မကြာမီ ၁၂ နာရီဖြင့် ခရီးပေါက်ရန် မလွှတောင်အပိုင်း၌ အတက်အဆင်း၊ အကွေ့အကောက်တို့ကို စက်ယန္တရားများဖြင့် ပြေအောင်ဖြည့်နေပြီဖြစ်သည်။

ထို့ပြင် ကော့သောင်းလေယာဉ်ပြေးလမ်းနှင့် လေဆိပ်ကို ခေတ်မီအောင် တိုးချဲ့ တည်ဆောက်ခဲ့သည်။ မြိတ်လေယာဉ်ပြေးလမ်းကိုလည်း တိုးချဲ့ပြင်ဆင်ထားသည်။ မကြာမီ၌ လေယာဉ်ကွင်းသစ်တွေလည်း ထပ်မံပေါ်ထွက်လာနိုင်သည်။ လေကြောင်းအတွက်သာမက ရေကြောင်းအတွက်ပါ သင်္ဘောများ လွယ်ကူစွာရပ်နားနိုင်သည့် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်သည်။ ဘုတ်ပြင်းမြို့နှင့် မလှမ်းမကမ်း၌ ကမ်းရိုးတန်းသွား သင်္ဘောများအတွက် ဆိပ်ခံတံတားကိုလည်း တည်ဆောက်ပြီးဖြစ်သည်။

လွန်ခဲ့သော လေးနှစ်ကျော် ငါးနှစ်ခန့်ကပင် နိုင်ငံတော်သည် ငွေကြေးအရင်းအနှီးရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးရန် လမ်းဖွင့်ပေးခဲ့သည်။ **တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးဖြစ်လာရမည်ဟု ရည်မှန်းချက်ထားရှိပြီး လိုအပ်သည်များ ကူညီပေးခဲ့သည်။** တိုင်းရင်းသားလုပ်ငန်းရှင် ၁၅ဖွဲ့ကလည်း တက်တက်ကြွကြွ ဝင်ရောက်စိုက်ပျိုးလျက်ရှိရာ ယခုအခါဧက၈၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။ သုံးနှစ်ကျော်သည့် ဆီအုန်းပင်များသည် ဆီအုန်းခိုင်များ ထွက်လာနေပြီဖြစ်ရာ ဆီအုန်းဆက်လက်စိုက်ပျိုးနေသလို ဆီကြိတ်စက်ရုံများကိုလည်း ထူထောင်နေကြရသည်။ တည်ဆောက်ပြီး စက်ရုံ၁၂ရုံ၊တည်ဆောက်ဆဲစက်ရုံသုံးရုံရှိသည်။ တောထဲ၊ တောင်ထဲ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးထားသော ငွေပမာဏမှာ များပြားလှသည်။ ဆီအုန်းတစ်ဧကခန့်မှန်းခြေ ကျပ်သုံးသိန်းကျော်ဖြင့် အနိမ့်ဆုံးထားတွက်လျှင် ကျပ်သန်းပေါင်း၂၄၀၀၀ကျော်နေပြီဖြစ်သည်။ ကျပ်သန်း ထောင်ချီရင်းနှီးခဲ့ပြီး နောက်ထပ်လည်းတိုးချဲ့ရင်းနှီးရဦးမှာဖြစ်သည်။

ရင်းနှီးမှု၊ ကြိုးစားအားထုတ်မှုတို့၏ ရလဒ်များအဖြစ် ကော့သောင်း-ဘုတ်ပြင်း-မြိတ်ကားလမ်းဝဲယာ တစ်လျှောက်ဖြစ်ထွန်းနေသော ဆီအုန်းခြံများကို မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ်တွေ့မြင်နေရသည်မှာ အားရဖွယ်ရာ ဖြစ်သည်။ ယုဇနဆီအုန်းကုမ္ပဏီဆိုလျှင် ဆီအုန်းဧက ၄၀၀၀၀ကျော် စိုက်ပြီးဖြစ်သည်။ ဆီအုန်းခြံအတွင်း ကုန်ထုတ်လမ်းအဖြစ် မြေသားလမ်းမိုင်၁၆၀ကျော်၊ ကျောက်ခင်းလမ်းမိုင် ၆၀ကျော်ဖောက်ထားပြီးလည်းဖြစ်သည်။ ၂၀၀၇ခုနှစ်ဆိုလျှင် စုစုပေါင်းဧကတစ်သိန်း စိုက်ပြီးတော့မည်ဖြစ်ရာ တွန်းတွန်းတိုက်တိုက်ဖြင့် တကယ်အလုပ်လုပ်နိုင်သော ကုမ္ပဏီဖြစ်သည်။

ဤကဲ့သို့ ကြိုးပမ်းအားထုတ်မှုများဖြင့် ဖြစ်ထွန်းနေသော ဆီအုန်းခြံများသည် နိုင်ငံတော်အကြီးအကဲကို အမောပြေစေသကဲ့သို့ တနင်္သာရီတိုင်း၏ စီးပွားရေးကိုလည်း တောင့်တင်းစေမှာဖြစ်သည်။ ၂၀၀၅-၂၀၀၆ခုနှစ်၌ စားအုန်းဆီလှိုင်လှိုင်ထုတ်နိုင်ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်ဆီဖူလုံရေးကို အာမခံနိုင်သည့် ဆီအိုးဖြစ်တော့မှာ သေချာနေသည်။

တနင်္သာရီတိုင်း ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ထိုမှတစ်ဆင့် တိုင်းနယ်မြေတစ်ခုလုံး ဆန်စပါးဖူလုံအောင်၊ သားငါးနှင့် မီးဖိုချောင်သီးနှံဖူလုံအောင် ကြိုးပမ်းကြရန်လိုအပ်သည်။ တနင်္သာရီတိုင်း၏ ရေမြေနှင့်ကိုက်ညီသော ရော်ဘာနှင့်ငရုတ်ကောင်းတို့ကိုလည်း စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်သည်။ ယနေ့အထိ ရော်ဘာဧက တစ်သိန်းကျော်၊ ငရုတ်ကောင်းဧက ၆၄၀၀ကျော်စိုက်ပျိုးပြီးဖြစ်၍ ဆက်လက်အားထည့်လိုက်မည်ဆိုပါက ရည်မှန်းချက်အတိုင်း ပြည့်မီမှာ သေချာလျက်ရှိသည်။

သားငါးကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေ ပိုမိုရှာဖွေနိုင်အောင် ကြိုးစားရမှာဖြစ်သကဲ့သို့ သတ္တုထုတ်လုပ်မှု ပြန်လည်ဦးမော့လာရေးကိုလည်း နည်းလမ်းရှာလုပ်ကိုင်ရမှာဖြစ်သည်။

ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်သော တနင်္သာရီတိုင်းကို မြန်မြန်ဖွံ့ဖြိုးတိုးတက်စေချင်သည့် ဆန္ဒကြောင့်သာ တွန်းတွန်းတိုက်တိုက် လုပ်နေရခြင်းဖြစ်သော်လည်း တနင်္သာရီတိုင်းသည် ယခင်ကနှင့်မတူတိုးတက်ဖွံ့ဖြိုးလာနေသည်မှာ အမှန်ဖြစ်သည်။ ၂၀၀၁-၂၀၀၂ခုနှစ်တွင် ၁၁ဒသမသုည ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြင့် စီးပွားရေး တိုးတက်ခဲ့ပြီး ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၉ရာခိုင်နှုန်းခန့်တိုးတက်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

တနင်္သာရီတိုင်း၏ စီးပွားရေးထုတ်လုပ်မှုတန်ဖိုး ပမာဏအပေါ် လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေသည် ကျပ် ၁၂၆၀၀၀အထက်၌ ရှိနေသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ခြုံ၍ တွက်ချက်ထားသော လူတစ်ဦးချင်းပျမ်းမျှဝင်ငွေထက် နှစ်စဉ်မြင့်မားလာလျက်ရှိသည်။ ခြုံလိုက်လျှင် စာရင်းဇယားများအရရော၊ ထင်သာမြင်သာသော ရုပ်ဝတ္ထုဖြစ်ပေါ်မှုများအရပါ တနင်္သာရီတိုင်းသည် တိုးတက်မှုလမ်းကြောင်းပေါ် ရောက်နေပြီဟု ဆိုရမှာဖြစ်သည်။

သို့ရာတွင် နိုင်ငံတော်အနေဖြင့် အားမရနိုင်ပါ။ ကြိုးစားလျှင်ကြိုးစားသလောက် တိုးတက်သွားမည့်၊ ချမ်းသာသွားမည့် တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့်အတွက် မမောနိုင်မပန်းနိုင်၊ အားမရနိုင်ဘဲ တွန်းအားပေးနေခြင်းဖြစ်သည်။

အမှန်တကယ်လည်း တနင်္သာရီတိုင်း၏ ကြွယ်ဝသောရေ၊ မြေ၊ သစ်တောသဘာဝ သယံဇာတများကို အပြည့်အဝဖော်ထုတ်ပြီး ထပ်ဆင့်တန်ဖိုးမြှင့်အသုံးချနိုင်မည်ဆိုပါက ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုရှိပြီး စီးပွားရေးအင်အားတောင့်တင်းခိုင်မာလာကာ နိုင်ငံတော်၏ စီးပွားရေးကို ထိရောက်စွာအထောက်အကူပြုလာမှာဖြစ်သည်။ အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်သွားမှာသေချာနေသည်။ ။

အမေရိကန်၏ ဖိအားပေးမှုကြောင့် အီရတ်စစ်ပွဲတွင် သြစတြေးလျနိုင်ငံ ပါဝင်လာမှုကို ဟန်းဘလစ် ဝေဖန်

ဆစ်ဒနီ မတ် ၉

အီရတ်စစ်ပွဲတွင်ပါဝင်ရေး အမေရိကန်၏ ဖိအားပေးမှုကို သြစတြေးလျနိုင်ငံက အလျှော့ပေးခဲ့ကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ်က စွပ်စွဲပြော ကြားလိုက်ပြီး သြစတြေးလျအစိုးရအနေဖြင့် ပိုမိုလွတ်လပ်စွာ ဆုံးဖြတ်ရပ်တည်သင့်ကြောင်း တိုက်တွန်းလိုက်သည်။

ဟန်းဘလစ်က ဆစ်ဒနီမောနင်းဟာရယ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လွတ်လွတ်လပ်လပ်

သြစတြေးလျအစိုးရအနေဖြင့် အမေရိကန်အစိုးရကို ကဏ္ဍကောစပြုရန် ခက်ခဲမည်ဟု သူက ယုံကြည်သော်လည်း အမေရိကန်ဦးဆောင်သည့် အီရတ်ကျူးကျော်မှုကို သြစတြေးလျနိုင်ငံက လွတ်လွတ်လပ်လပ် ရပ်တည်သင့်ကြောင်း ဟန်းဘလစ်က ပြောကြားသည်။

မဖြစ်သင့်

အချုပ်အခြာအာဏာပိုင် နိုင်ငံများသည် စစ်နှင့်ငြိမ်းချမ်းရေးကိစ္စများတွင် လွတ်လပ်စွာ ဆုံးဖြတ်ရပ်တည်ရန်လိုအပ်ကြောင်း၊ အခြားသောနယ်ပယ်များတွင် မျက်နှာသာရရန်အတွက် အမေရိကန်၏ ဖိအားပေးမှုကြောင့် စစ်ပွဲတွင် ပါဝင်ခြင်းမှာ မည်သည့်နိုင်ငံအတွက်မဆို မဖြစ်သင့်မဖြစ်ထိုက်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အင်တာနက်။

အမေရိကန်စိန်ပြောင်းပစ်မှတ်လွဲ အရပ်သား တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံမြောက်ပိုင်းတွင်ပစ်ခတ်မှုများဖြစ်ပွားစဉ်က အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်ခဲ့သော စိန်ပြောင်းကျည်တစ်လုံး ပစ်မှတ်လွဲသွားသဖြင့် အရပ်သားတစ်ဦး ထိမှန်သေဆုံးခဲ့ ရကြောင်း ဗုဒ္ဓဟူးနေ့တွင် စစ်ဘက်သတင်းများက ဖော်ပြသည်။

ခုခံရေးသမားများကို ဦးတည်ထားသော စစ်ဆင်ရေးဆောင်ရွက်နေစဉ်က ပစ်ခတ်လိုက်သော စိန်ပြောင်း ဗုံးသီးတစ်လုံးအဆောက်အအုံ တစ်ခုပေါ်သို့ မတော်တဆ ထိမှန်ခဲ့ရာ လူတစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ဒဏ်ရာ ရရှိသွားသည်။

အမေရိကန်စစ်ဘက်မှ အရာရှိများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များသည် ဗုံးသီးထိမှန်ခံရသူ၏ မိသားစုဝင်များနှင့် အင်္ဂါနေ့တွင် သွားရောက်တွေ့ဆုံရန် စီစဉ်ထားသည်။

ဝါရှင်တန်က အီရတ်စစ်ပွဲ ဖြစ်စဉ်တစ်လျှောက်တွင် ထိမှန်သေဆုံးရသော အရပ်သား အသေအပျောက်စာရင်းများ ထားရှိခြင်းမရှိဟုဆိုသည်။

အီရတ်စစ်ပွဲ၏ အကျိုးဆက် အနေဖြင့်အီရတ်အရပ်သူ၊အရပ်သားစုစုပေါင်း ၈၄၀၀ ဦးမှ ၁၀၃၀၀အထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်း အီရတ်အရေး လေ့လာနေ သော အဖွဲ့တစ်ဖွဲ့က ခန့်မှန်းသည်။

အမ်အင်အေ၊ရိုက်တာ။

ကလေးထိန်းစက်ရုပ် တီထွင်ထုတ်လုပ်

ဆိုးလ် မတ် ၁၁

တောင်ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီတစ်ခုက ကလေးထိန်းစက်ရုပ်ကို တီထွင်လိုက်ပြီဖြစ်ရာ ယင်းစက်ရုပ်၏ ခေါင်းထဲတွင် ကင်မရာပါဝင်ပြီး ဝမ်းဗိုက်မှာ ကွန်ပျူတာမျက်နှာပြင် တပ်ဆင်ထားကြောင်း သိရသည်။

ယင်းကလေးထိန်းစက်ရုပ်သည်ဂီတသံထွက်ပေါ်နိုင်ခြင်း၊ သတင်းပေးပို့နိုင်ခြင်း၊ ပုံပြင်များ ဖတ်ပြနိုင်ခြင်း၊ အိမ်အတွင်း ဖောက်ထွင်းဝင်ရောက်ရန် ကြိုးစားသူကို အီးလ်မေးမှတစ်ဆင့် သတင်းပို့နိုင်ခြင်း စသည့်စွမ်းရည်များလည်းရှိသည်။ယင်းကလေးထိန်းစက်ရုပ်ကို ဒေါ်လာငါးသန်းကျော် အကုန်အကျခံကာ လေးနှစ်ကြာ ပြုလုပ်ခဲ့ရပြီး စက်ရုပ် ရောင်းဈေးမှာ ဒေါ်လာ ၃၄၀၀ ခန့်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ပင်တဂွန်၏ စုံစမ်းစစ်ဆေးမှုကြောင့် ဟာလီဘာတန်၏ ရှယ်ယာတန်ဖိုးကျဆင်း

ဝါရှင်တန် မတ် ၁၁

အမေရိကန်စွမ်းအင်ဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည့် ဟာလီဘာတန် ကုမ္ပဏီကို ပင်တဂွန်မှ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည့်အတွက် ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးများ သုံးရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

စစ်ဆေးနေ

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များသို့ လောင်စာတင်သွင်းမှုတွင် ကျသင့်သည်ထက် ပိုမိုတင်ပြတောင်းခံမှုပြုသည်ဆိုကာ စစ်ဆေးနေမှုများကြောင့် ကုမ္ပဏီအနေဖြင့် ငွေကြေးအခက်အခဲတွေ့နိုင်ကြောင်း ဖော်ထုတ်ကြေညာခဲ့သည်။

ပြင်းထန်စွာဝေဖန်

အမေရိကန်စစ်ဌာနချုပ်ပင်တဂွန်က အီရတ်နိုင်ငံဆိုင်ရာ ကန်ထရိုက်များကို ကုမ္ပဏီကရရှိမှုနှင့် ပတ်သက်ပြီး တရားဝင်စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အီရတ်ရှိတပ်ဖွဲ့များသို့ လောင်စာဆီနှင့် ရိက္ခာဖြန့်ဝေမှုတို့အတွက် ကုမ္ပဏီသည် ပြင်းထန်စွာဝေဖန်ခံနေရသည်။ ***စီအင်န်အင်န်။***



ကင်းလှည့်စောင့်ကြပ်

မတ် ၁၀ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်ရဲစခန်းမော်တာထိမှန်၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၀

ဘဂ္ဂဒက်မြို့ရဲစခန်းတစ်ခုကို ခုခံရေးအုပ်စုများက တနင်္လာနေ့တွင် မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း ရဲဌာနက ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုမှာ အီရတ်ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအတွက်လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် တိုက်ဆိုင်လျက်ရှိသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုတွင်ရဲစခန်းအနီးရှိ အိမ်တစ်လုံးကို ကျည်ဆန်တစ်ခုထိမှန်ခဲ့ပြီး ပြတင်းပေါက်များ ပျက်စီးကာ အိမ်နံရံတစ်ဖက်ပေါက်ထွက်သွားသည်။ သို့ရာတွင် ထိခိုက်သေဆုံးမှုမရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အခြေခံဥပဒေအတွက် လက်မှတ်ရေး ထိုးပွဲအခမ်းအနားဖရိုဖရဲဖြစ်စေရန် ရည်ရွယ် ချက်ဖြင့် ခုခံရေးအုပ်စုများက တိုက်ခိုက်နိုင်ဖွယ်ရှိသဖြင့် လုံခြုံရေးတပ်များအား တပ်လှန့်နိုးဆော်ထားကြောင်းရိုက်တာသတင်းဌာန ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်တွင် မိုင်းထိ၍ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိ

ကဘူး မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ဒေသခံများအကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသေးသည်။ ပြီးခဲ့သော သီတင်းပတ်အကုန်က ဖြစ်ပွားသောတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိသွားကြကြောင်း စစ်ဘက် သတင်းရပ်ကွက်များက ဆိုသည်။

စနေနေ့က ဂါဇနီ၏အနောက်ဘက်တွင် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ယာဉ်တစ်စီး မိုင်းထိမှန်ခံခဲ့ရသည်။ အခင်းဖြစ်ပွားမှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိသွားသည်ဟု ဒုတိယ ဗိုလ်မှူးကြီး ဘရိုင်ယန်ဟစ်ဖာတီက ပြောကြားသည်။ဒဏ်ရာရသွားသော တပ်ဖွဲ့ဝင် များမှာ အမေရိကန် အမှတ် (၁၀) တောင်ပေါ်တိုက်ခိုက်ရေးတပ်မမှ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မြေငလျင်ကြောင့် ဓာတ်ငွေ့ပိုက်လိုင်းများ ပျက်စီးမှု အန္တရာယ်မဖြစ်စေရန် ကိရိယာတစ်မျိုး တီထွင်ထုတ်လုပ်

ဘူခါရက် မတ် ၁၀

မြေငလျင်လှုပ်သောအခါ ဓာတ်ငွေ့ပိုက်လိုင်းများ ပျက်စီးခြင်းကြောင့် အန္တရာယ် မဖြစ်နိုင်စေရန် ဓာတ်ငွေ့ပို့လွှတ်မှုကို အလိုအလျောက်ရပ်ဆိုင်းပေးမည့် ကိရိယာတစ်မျိုးကို ရိုမေးနီးယား သုတေသသီများက ထုတ်လုပ်လိုက်ကြောင်း သတင်းဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

တီထွင်ထုတ်လုပ်

ငလျင်ဒဏ် ကာကွယ်ရေးဓာတ်ငွေ့ အလိုအလျောက်ပိတ် ကိရိယာများကို မြေငလျင်သင့်နိုင်သောဒေသတစ်ကြောရှိ မြို့များတွင် အသုံးပြုရန် ရည်ရွယ်ထားသည်။ ထိုပစ္စည်းများကို ကမ္ဘာ့အဆင့်မီထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းကိရိယာကို တီမီဆိုအာရားမြို့ရှိ မြေငလျင်လေ့လာရေးဌာနက တီထွင် ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

ကိရိယာတစ်စုံ၏ တန်ဖိုးမှာ ယူရိုငွေ ၃၅၀ဖြစ်သည်။၎င်းကိရိယာကိုထုတ်လုပ်ရန်လိုအပ်သော ပစ္စည်းများနှင့် နည်းပညာကိုဈေးကွက်တွင်အခက်အခဲမရှိဘဲ ရယူနိုင်သည်ဟုဆိုသည်။

အဆို့ရှင်ပိတ်

မြေငလျင်လှုပ်လိုက်သည်နှင့် စက္ကန့်ပိုင်းအချိန်အတွင်း ထိုကိရိယာက ဓာတ်ငွေ့ပို့လွှတ်သော အဆို့ရှင်ကို ပိတ်လိုက်မည်ဖြစ်သည်။

ထိုပစ္စည်းကိုရာသီဥတုမရွေးအသုံးပြုနိုင်မည်ဖြစ် ပြီးပစ္စည်း၏ သက်တမ်းမှာ အနည်းဆုံး အနှစ်၃၀ ရှိမည်ဖြစ်သည်ဟုဆိုသည်။

ကျင်းပ

ဖော်ပြပါ တီထွင်မှုမှာ ရွှေတံဆိပ်ချီးမြှင့်ခြင်းခံရနိုင်သော တီထွင်မှုတစ်ခုဖြစ်သည်။ ၎င်းပစ္စည်းသည် အပြည်ပြည်ဆိုင်ရာ တီထွင်မှုများပြပွဲတွင် အထူးဖော်ပြခြင်းခံခဲ့ရသည်။ ထိုပြပွဲမှာ ရိုမေးနီးယားနိုင်ငံ အရှေ့ပိုင်း အိုင်အာစီမြို့တွင် ယမန်နှစ်က ကျင်းပခဲ့ခြင်း ဖြစ်သည်။

ငလျင်အန္တရာယ်ကျ ရောက်သောအခါ အပျက်အစီးများနှင့် လူ့အသက်ဆုံးရှုံးမှုများ၏ ၆၀ရာခိုင်နှုန်းမှာ ဓာတ်ငွေ့ကြောင့် ပေါက်ကွဲမှုနှင့်ဓာတ်ငွေ့ကြောင့် မီးလောင်မှုများ ပေါ်ပေါက်လာ၍ဖြစ်သည်ဟု ကျွမ်းကျင်သူများ၏ လေ့လာချက်များအရ သိရသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံဘာဆရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အီရတ်ကို ကျူးကျော်တိုက်ခိုက်ရန် အကြောင်းပြခဲ့သည့် ဖျက်အားပြင်းလက်နက်များကိစ္စ ဂျော့ဂျ်တင်းနက် ရင်ဆိုင်ဖြေရှင်းနေရ

ဝါရှင်တန် မတ် ၁၀

အီရတ်နိုင်ငံအပေါ် စစ်ဆင်တိုက်ခိုက်ခဲ့ရသည့် အကြောင်းရင်းဖြစ်သော အီရတ်မှ ဖျက်အားပြင်းလက်နက်များကို ရှာဖွေမတွေ့ရှိမှုနှင့် ပတ်သက်ပြီး အသေးစိတ်မေးမြန်းချက်များကို အမေရိကန် ထိပ်တန်းထောက်လှမ်းရေးအရာရှိ ဂျော့ဂျ်တင်းနက်သည် အောက်လွှတ်တော်တွင် ရင်ဆိုင်ဖြေကြားလျက်ရှိကြောင်း သိရှိရသည်။

ဒီမိုကရက်ပါတီမှ အထက်လွှတ်တော်အမတ်များ၏ မေးမြန်းချက်များကို ၎င်းကဖြေကြားရာတွင် ဘုရှ်အစိုးရအဖွဲ့သည် အီရတ်နိုင်ငံအပေါ် စစ်ဆင်တိုက်ခိုက်ခြင်းကို တရားမျှတမှုရှိစေရန်အတွက် ထောက်လှမ်းရေးသတင်းများကို ပြုပြင်ထားသည်ဟု မိမိ မယုံကြည်ကြောင်း၊ သို့ရာတွင် ဒုတိယသမ္မတပြောသည့် အချက်အလက်အချို့ကမှာမူ အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ရရှိထားသည့် အချက်အလက်များနှင့် ကွဲလွဲမှုရှိနေကြောင်း ပြောကြားခဲ့သည်။

မေးမြန်းခဲ့

ဒီမိုကရက်တစ်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ မစ္စတာလီဗင်ကလည်း အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များရှိသည်ဆိုခြင်းနှင့် ပတ်သက်ပြီး အမေရိကန်စစ်ဌာနချုပ်မှ တာဝန်ရှိသူများက စုဆောင်းရေးသားထားခဲ့သည့် အချက်အလက်များအပေါ်မူတည်ပြီး မေးမြန်းခဲ့ကြောင်း သိရှိရသည်။

ရုပ်သိမ်း

ယင်းအချက်သည် စီအိုင်အေက ရရှိသည်နှင့် ကွဲလွဲသည်ဆိုပြီး ပင်တဂွန်စစ်ဌာနချုပ်ကို ရုပ်သိမ်းရန် ပြောကြားခဲ့သေးကြောင်း တင်းနက်က ပြောကြားသည်။ ရီပတ်ပလီကန်အမတ်များဘက်မှလည်း စီအိုင်အေအပေါ် စုံစမ်းစစ်ဆေးမှု ၁၄ ခုပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ခက်ခဲမှုများ ပိုမိုဖြစ်စေ

အီရတ်အရေးကိစ္စနှင့် ပတ်သက်ပြီး အောက်လွှတ်တော်မှ ကြားနာရေးအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပွားမှုသည် ယခုကဲ့သို့ အမေရိကန်သမ္မတရွေးကောက်ပွဲကာလအတွက် ခက်ခဲမှုများ ပိုမိုဖြစ်စေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်စစ်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၅၃ ဦးရှိပြီ

ဘဂ္ဂဒက် မတ် ၉

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ဖြစ်ပွားချိန်နောက်ပိုင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၅၅၃ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၃၇၉ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၇၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အဆိုပါကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်း၊ အက်စ်တိုးနီးယားနှင့် ပိုလန်တို့မှတစ်ဦးစီ အသီးသီး သေဆုံးခဲ့ရသည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဟု အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် ကြေညာခဲ့ချိန်နောက်ပိုင်း သေဆုံးခဲ့သူ အမေရိကန်တပ်ဖွဲ့ဝင် ၄၁၅ ဦးရှိရာ ယင်းအနက် ၂၆၄ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၅၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ စတင်ချိန်ကတည်းက တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၇၅၃ ဦးရှိခဲ့သည်။

အင်တာနက်။

ဆန့်ကျင်ဆန္ဒပြ

မတ် ၁၀ ရက်က အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် ဂရင်းပိစ်အဖွဲ့ဝင်များက နံရံပေါ်တွင် လက်ဗွေရာများကို ရိုက်နှိပ်၍ ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုံးထိမှန်သေဆုံး စပိန်တပ်စခန်း စိန်ပြောင်းဖြင့် အတိုက်ခံရ

မဒရစ် မတ် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။ ထိုအချိန်တွင် ဒီဝမ်လျာရှိ စပိန်တပ်စခန်းကို တနင်္လာနေ့ညက စိန်ပြောင်းဖြင့် သုံးကြိမ်ပစ်ခတ်တိုက်ခိုက်ခံရကြောင်း စပိန် ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ကြေညာသည်။

စိန်ပြောင်းကျည်ဆန်များသည် တပ်စခန်းအပြင် လုံခြုံရေးစည်းကို ထိမှန်ကြောင်း၊ သို့သော် ကင်းလှည့်တပ်ဖွဲ့ဝင်များအနေဖြင့် တိုက်ခိုက်သူများကို ရှာဖွေမတွေ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဗုံးခွဲတိုက်ခိုက်ခံရ

ဒီဝမ်လျာရှိ တပ်စခန်းသို့ စပိန်တပ်ဖွဲ့ဝင်များ ပြန်လာကြစဉ် ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ဖေဖော်ဝါရီလအတွင်းက စပိန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရသွားသည်။ ဒဏ်ရာရသူများတွင် အီရတ်စကားပြန်တစ်ဦးလည်း ပါဝင်သည်။

ထိခိုက်ဒဏ်ရာရ

အီရတ် နိုင်ငံအလယ်ပိုင်း ပိုလန်ထိန်းချုပ်မှုလက်အောက်တွင် နိုင်ငံတကာတပ်ဖွဲ့ဝင်အင်အား ၁၃၀၀၀ ရှိသည့်အနက် စပိန်တပ်ဖွဲ့ဝင်အချို့မှာ မကြာမီရက်သတ္တအနည်းငယ်အတွင်းတွင် ထိခိုက်ဒဏ်ရာရကြခြင်းဖြစ်သည်။

အင်တာနက်။

ကန်တပ်ဖွဲ့အတွက် ထရပ်ကားမောင်းသူ အီရတ်တစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၉

အီရတ်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ထရပ်ကား သုံးစီးသည် ဖော်လူဂျာမြို့အနီးတွင် တိုက်ခိုက်ခံခဲ့ရကြောင်း သိရှိရသည်။

ထရပ်ကားတစ်စီးမှ ယာဉ်မောင်းတစ်ဦးသေဆုံးခဲ့ပြီး ကျန်ထရပ်ကားနှစ်စီးမှ ယာဉ်မောင်းနှစ်ဦးတို့ ဒဏ်ရာရရှိသွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။

စီအင်န်အင်န်။

လုံခြုံရေးစောင့်ကြပ်

မတ် ၁၀ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်း တင်ပို့နိုင်စွမ်း အီရတ်စစ်ပွဲကြောင့် ထက်ဝက်ခန့် ကျဆင်းသွားရ

ကယ်ကွတ် မတ် ၉

စစ်မဖြစ်မီက ရေနံစိမ်းတင်ပို့ရောင်းချမှု အသင့်ပြန်ရောက်ရန် အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်းကို ဒေါ်လာ သန်းပေါင်းများစွာ အကုန်အကျခံရန် လိုအပ်ကြောင်း မြောက်ပိုင်းရေနံကုမ္ပဏီအရာရှိတစ်ဦးက ပြောဆိုသည်။

ကြုံတွေ့

ရေနံပိုက်လိုင်းနှင့် ဆက်နေသည့် ရေနံတူးဖော်၊ ထုတ်လုပ်ရေးစက်ရုံများနှင့် ဓာတ်အားပေးစက်ရုံအချို့မှာ စစ်အတွင်းက ပျက်စီးခြင်း၊ သို့မဟုတ် စစ်ပြီးကာလ လုယူခံရခြင်းများ ကြုံတွေ့ခဲ့ရကြောင်း ကုမ္ပဏီ၏ ကျွမ်းကျင်သူ ဂါဇီဖယ်လာလာကာနီက တနင်္လာနေ့တွင် ပြောကြားသည်။

စစ်မဖြစ်မီက ရေနံစိမ်းတင်ပို့သည့် အဆင့်ရောက်အောင် ထိုစက်ရုံများကို ပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ပေးပို့ခဲ့

အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်ကိုစစ်မတိုက်မီက ၁၀၄၉ ကီလိုမီတာရှည်သော တူရကီသို့ ဆက်သွယ်ပေးပို့သည့် ရေနံပိုက်လိုင်းက နေ့စဉ်ရေနံစိမ်း စည် ၉၀၀၀၀၀ ဝန်းကျင် ပေးပို့ခဲ့သည်။

များစွာ ကျဆင်း

လွန်ခဲ့သည့် ရက်သတ္တပတ်က ဤရေနံပိုက်လိုင်းမှ ပြန်လည်ပေးပို့ရာတွင် ရေနံစိမ်း စည် ၄၀၀၀၀၀ သာလျှင် ပေးပို့နိုင်သဖြင့် တင်ပို့ရောင်းချမှုပမာဏ များစွာကျဆင်းသွားသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်စစ်ဆင်နွှဲတိုက်ခိုက်ခြင်းကြောင့် အီရတ်တို့သေဆုံးကြရ

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ၂၀၀၃ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် စတင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ၂၀၀၃ခုနှစ် ဧပြီ ၇ ရက်နေ့တွင် မြို့တော်ဘဂ္ဂဒက်ကို သိမ်းပိုက်ခဲ့သည်။ ထိုအချိန်မှစ၍ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ဆုံးရှုံးခဲ့ရသည်။ အချုပ်အခြာအာဏာ ဆုံးရှုံးမှုနှင့်အတူ နိုင်ငံတော်ကို ကာကွယ်သည့် တပ်မတော်သည်လည်း ပြိုကွဲပျက်စီးခဲ့ရသည်။ နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော် ပြိုကွဲခြင်းနှင့်အတူ အီရတ်နိုင်ငံအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးများ ပျက်ပြားကာ ပြည်သူလူထုမှာ ကျူးကျော်သူများလက်အောက်ဝယ် ဒုက္ခအမျိုးမျိုးကို ခံစားနေကြရသည်။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ကင်းမဲ့နေသည့် အီရတ်နိုင်ငံ၏ တစ်နှစ်တာကာလအတွင်း သေကျေခဲ့ရသူ အပြစ်မဲ့အီရတ်ပြည်သူ ၁၀၀၉၃ ကျော် ရှိပြီဖြစ်သည်။

၂၀၀၄ ခုနှစ် မတ်လအထိ အီရတ်အရပ်သူ၊ အရပ်သားများ သေဆုံးမှုစာရင်း

စဉ်	အကြောင်းအရာ	သေဆုံးမှု
၁။	ကလာစတာဗုံး	၂၇၉
၂။	လေကြောင်းတိုက်ခိုက်မှု	၁၁၆၉
၃။	သေနတ်ထိမှန်မှု	၂၉၁
၄။	စိန်ပြောင်းဗုံးသီးထိမှန်မှု	၃
၅။	တင့်ကားမှပစ်ခတ်မှု	၂
၆။	အခြားအဖြစ်အပျက်များ (၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၄ ခုနှစ် မတ်လ)	၈၃၄၉
	စုစုပေါင်း	**၁၀၀၉၃**

မတ် ၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ပျက်စီးသွားသော ပုဂ္ဂလိကနေအိမ်တစ်လုံးကို တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် အရပ်ဘက်ကား တစ်စီးကို အီရတ်အရပ်သားများ ကြည့်ရှုနေစဉ်။

ဖေဖော်ဝါရီ ၁၅ ရက်က ဖော်လူဂျာမြို့အနီး အမီရီယာ ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်အိမ်ကို တွေ့ရစဉ်။

အီရတ်နိုင်ငံရှိ စစ်ကြောင့်ပျက်စီးနေသော မြို့ရွာများတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို စတင်နိုင်ခြင်းမရှိသေးပေ။ ဆာမာဝါမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က စိန်ပြောင်းကျည် ထိမှန်ခံရခြင်းကြောင့် ပျက်စီးခဲ့ရသော အိမ်ခေါင်မိုးကို အဆိုပါအိမ်မှ ညီအစ်မနှစ်ဦးက ပြသနေစဉ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်



လပင်တံတားသစ်ကြီး

ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူကာ အချိန်တို တစ်နှစ်အတွင်းတည်ဆောက်ခဲ့ပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၃ရက်က ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းသစ် မိုင်တိုင်အမှတ်(၁၁၃)ရှိ လပင်တံတားသစ်ကြီးကို တွေ့ရစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြို ဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

လပင်တံတားဆိုင်ရာ အချက်အလက်များ

တံတားပေအရှည် - ၂၂၀ ပေ

ယာဉ်သွားလမ်းအကျယ် - ၂၈ ပေ

လူသွားလမ်းအကျယ် - တစ်ဖက်လေးပေစီ

တံတားအမျိုးအစား

အပေါ်ထည် - သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း

အောက်ထည် - သံကူကွန်ကရစ်ခင်း

ခွင့်ပြုအလေးချိန် - တန် ၆၀

စီမံကိန်းစတင်သည့်နေ့ - ၉-၁၂-၂၀၀၂

စီမံကိန်းပြီးစီးသည့်နေ့ - ၈-၁၂-၂၀၀၃

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တည်ဆောက်ခဲ့သည့် ပေ ၁၈၀နှင့်အထက်တံတားများ

စဉ်	တံတားအမည်	တည်နေရာ	အရှည် (ပေ)	အကျယ် (ပေ)
၁။	ဒေါ်လန်းတံတား	လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်	၁၀၀၀	၁၃.၅၈
၂။	ငမိုးရိပ်တံတား	ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်း	၆၆၀	၃၆
၃။	ပသောင်းတံတား	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း	၈၁၀	၃၆
၄။	ပုထိုးလုံးတံတား	ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း	၄၅၀	၂၈
၅။	လပင်တံတား	ကလေးဝမြို့နယ်၊ စစ်ကိုင်းတိုင်း	၂၂၀	၂၈
၆။	တိန်းတံတား	မုံရွာ-ကလေးဝလမ်း မိုင်တိုင်အမှတ်(၉၃/၇)	၃၆၀	

လပင်တံတား တည်နေရာပြမြေပုံ





တပ်မတော်အင်ဂျင်နီယာများက ပုံစံထုတ်လုပ်ပြီး နိုင်ငံအတွင်းရှိ သံမဏိစက်ရုံက ထုတ်လုပ်သည့် အရည်အသွေးမီ ခန်းဖွင့်ကျယ် သံမဏိသံပေါင်ကြီးများကို လပင်တံတား တည်ဆောက်ဆဲကာလက တပ်ဆင်နေစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

များသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော မြန်မာတိုင်းရင်းသား မျိုးချစ်ပြည်သူများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မြင့်မြတ်သော အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကြီးအဖြစ် သမိုင်းတွင် အထင်အရှား ရှိခဲ့ပြီးဖြစ်သည်။ အရေးကြီးလျှင် သွေးနီးရာပါစမြဲဟူသော မြန်မာ မှုဆိုထုံးစကားနှင့်အညီ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးဆိုသည်မှာ သွေးက စကားပြော ခဲ့ခြင်း၊ လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှု တိုက်ပွဲသည် နှစ်ပေါင်း (၇၀)တိုင် ကြာခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့က မြန်မာ တိုင်းရင်းသား ပြည်သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို လေးစားခန့်ညားခဲ့ရသည်။

တစ်နည်းအားဖြင့် လက်နက်အင်အားချင်း မယှဉ်သာအောင် ကွာခြားအားနည်းခဲ့ခြင်း၊ ခိုင်မာ ကျစ်လျစ်သည့် စည်းရုံးရေးအင်အားကို စနစ် တကျ မတည်ဆောက်နိုင်ခဲ့ခြင်း တို့ကြောင့် မြန်မာတိုင်းရင်းသားမျိုးချစ်များ၏ နယ်ချဲ့

အလံကိုင်ဆောင်ကာ
ကြသော မြန်မာ့လွတ်လပ်
များကို တွေ့ရစဉ်။

ပြည်သူထဲက ပြည်သူတို့၏တပ်မ

ကြယ်ဖြူ

မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး သမိုင်း ကြောင်းသည် နယ်ချဲ့ကိုလည်း ဆန့်ကျင်ခဲ့ သည်။ ဖက်ဆစ်ကိုလည်း တော်လှန်ခဲ့သည်။ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးအရ အမျိုးသား လွတ်မြောက်ရေး ကြိုးပမ်းမှု တိုက်ပွဲများကို ဖြတ်သန်းပြီး တပ်မတော်ကို မွေးဖွားရှင်သန် စေခဲ့သည်။ တစ်နည်းအားဖြင့် တပ်မတော်သည် မြန်မာတိုင်းရင်းသား ပြည်သူတို့၏ ရင်နှစ် သည်းချာသားရတနာအဖြစ် မွေးဖွားရှင်သန် လာခြင်းနှင့်အတူ မြန်မာတိုင်းရင်းသား ပြည်သူ တို့၏ အကျိုးစီးပွားမှတစ်ပါး မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့် ပါတီအုပ်စုအဖွဲ့အစည်း၏ အကျိုး စီးပွားအတွက်ကိုမျှ အသုံးချမခံခဲ့ပေ။ နိုင်ငံနှင့် လူမျိုးအတွက် ယုံကြည်ချက်ကို ဦးထိပ်ရွက် ဆင်ပြီး အမျိုးသားနိုင်ငံရေးအတွက် မွေးဖွား လာခြင်းဖြစ်၍လည်း ကြေးစားတပ်မဟုတ်ခဲ့ပေ။ ဝင်စစ်တပ်မတော်၏ သမိုင်းသည် မြန်မာ တိုင်းရင်းသားပြည်သူတို့၏ သမိုင်းဖြစ်သည်။

အကြောင်းမှု ဗြိတိသျှနယ်ချဲ့တို့သည် တတိယကျူးကျော်စစ်ဖြင့် မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၅ ခုနှစ်တွင် သိမ်းယူကျွန်ပြုခဲ့သည်။ ထိုစဉ် ကာလက တပ်မတော်သည် ခေတ်မီလက်နက် များ တပ်ဆင်နိုင်ခြင်းမရှိသေးရာ ဗြိတိသျှ နယ်ချဲ့တို့၏ စစ်အင်အားနှင့် ယှဉ်နိုင်ခြင်း မရှိသည့် အခြေအနေဖြင့် အင်အားချည့်နဲ့နေ သကဲ့သို့ ဗြိတိသျှနှင့် ပြင်သစ်တို့၏ ဝင်ရောက် သွေးခွဲစွက်ဖက်မှုများဖြင့် တိုင်းရင်းသား အချင်းချင်း အထင်လွဲမှားပြီး စည်းလုံးညီညွတ်မှု ပျက်ပြားနေသည့်အပြင် ဗြိတိသျှနယ်ချဲ့တို့၏ ပရိယာယ်ထောင်ချောက်ထဲသို့ ကျရောက်ခဲ့ခြင်း တို့သည် မြန်မာနိုင်ငံအား ကျွန်ဘဝသို့ ကျရောက် စေခဲ့သော အခြေခံအကြောင်းရင်းပင် ဖြစ်သည်။ **“ဤသည်မှာ နိုင်ငံတစ်နိုင်ငံသည် တပ်မတော် အင်အား မတောင့်တင်းခဲ့လျှင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပျက်ပြားနေခဲ့လျှင်၊ နယ်ချဲ့ သမားတို့၏ ဝင်ရောက်စွက်ဖက် ခြယ်လှယ် သပ်လျှိုမှု တို့ကို မဟန့်တားမဖယ်ရှားဘဲ ယုံစား အားကိုးခဲ့လျှင် ယင်းနိုင်ငံ၏ အချုပ်အခြာ အာဏာတည်တံ့ရေးဆိုသည်မှာ အာမခံချက် ပေးရန် မလွယ်တော့ပေဟု သမိုင်းက သင်ခန်းစာ ပေးခြင်းပင်ဖြစ်သည်။”**

မည်သို့ဆိုစေ သူ့ကျွန်ဘဝကို ငုံ့မခံလို သော မြန်မာတိုင်းရင်းသား မျိုးချစ်အင်အားစု တို့သည် မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူတို့ ကြားတွင် စည်းရုံးလှုပ်ရှားပြီး ရရာလက်နက် ရှိသမျှအင်အားတို့ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆင်နွှဲ ခဲ့ကြသည်။ ယင်းနယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတိုက်ပွဲသည် အောင်မြင်မှုမရရှိခဲ့ သော်လည်း ယင်း၏အကျိုးဆက်အဖြစ် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်များသည် မြန်မာတိုင်းရင်းသားပြည်သူ တို့၏ ရင်ထဲ၌ အစိုင်အခဲအဖြစ် သန္ဓေတည်လာ ခဲ့ခြင်းဖြင့် တပ်မတော်၏ သမိုင်းကြောင်းကို အခြေခံ ဖြစ်တည်လာစေခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွင် နိုင်ငံရေး၊ စည်းရုံးရေးတိုက်ပွဲများသည် ကျယ်ပြန့် လာသည်နှင့်အမျှ နိုင်ငံရေးအရ ပို၍မြင့်မားသော တို့ဗမာအစည်းအရုံးကြီးကို ဖွဲ့စည်းဖြစ် ပေါ်လာ စေခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးမှတစ်ဆင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် ပို၍ နက်ရှိုင်း ကျယ်ဝန်းသော လက်နက်ကိုင်တော် လှန်ရေးဖြင့် ဗြိတိသျှနယ်ချဲ့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်ရန် တို့ဗမာအစည်းအရုံးသည် ရဲဘော်သုံးကျိပ်ကို ဂျပန်ပြည်တွင် စစ်ပညာ သင်ကြားရန် လျှို့ဝှက်စွာ ဆက်သွယ်ပေးပို့ ခဲ့သည်။ ဤသည်မှာ တပ်မတော်၏ ဗီဇသန္ဓေ သည် မြန်မာတိုင်းရင်းသား ပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက် ရေးတိုက်ပွဲကို အခြေခံခဲ့သည်မှာ ထင်ရှားခိုင်မာ တည်တံ့စွာရှိနေသော သမိုင်းရေးယုတ္တိဗေဒ ဖြစ် သည်။

စင်စစ်ရဲဘော်သုံးကျိပ်သည် တပ်မတော်ကို ဖွဲ့စည်းထူထောင်သော အခြေခံအုတ်မြစ်ဖြစ် သကဲ့သို့ ရဲဘော်သုံးကျိပ်သည်လည်း နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲမှ မွေးဖွားလာခဲ့သော အမျိုးသားရေး

အင်အားစုကြီးဖြစ်သည်။ ပ
တည်လာခဲ့သော တပ်
အမျိုးသားရေးအင်အားစု
ရေးကြိုးပမ်းမှု တိုက်ပွဲ
လာခဲ့သည်။ လွတ်လပ်ရေ
ရောက်သော တိုက်ပွဲများဖြ
အန္တရာယ်များအား ဖယ်ရှား
ရှင်သန်လာခဲ့သည်မှာ တ
ပကတိရှိနေသော ဥပတိရ

မြန်မာနိုင်ငံလွတ်လပ်
အသက်ကို စွန့်လွှတ်စတေး
ပြီးသော ရဲဘော်သုံးကျိပ်
ဟိုင်နန်ကျွန်းတွင် စစ်ပည





ဗြိတိသျှနယ်ချဲ့တို့၏ ပထမကျူးကျော်စစ်တွင် ဗိုလ်ချုပ်မဟာနေမျိုးခေါင်းဆောင်သည့် ဘကြီးတော်မင်းတရား၏ မြန်မာ့တပ်မတော်က ကာနယ်မက်ဒူဝေါလ်၏တပ်ကို ဝက်ထီးကန်ဒေသတွင် ရင်ဆိုင်တိုက်ခိုက်ပုံ သရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကို တွေ့ရစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်း

အလံကိုင်ဆောင်ကာ မြို့တွင်းသို့ ဝင်လာကြသော မြန်မာ့လွတ်လပ်ရေး တပ်မတော်သားများကို တွေ့ရစဉ်။

တပ်မတော်

အင်အားစုကြီးဖြစ်သည်။ ယင်းမှတစ်ဆင့် သန္ဓေတည်လာခဲ့သော တပ်မတော်သည်လည်း အမျိုးသားရေးအင်အားစုကြီးအဖြစ် လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲများဖြင့် မွေးဖွားလာခဲ့သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သော တိုက်ပွဲများဖြင့် ပြည်တွင်း၊ပြည်ပ အန္တရာယ်များအား ဖယ်ရှားရှင်းလင်းပြီး ကြီးပြင်းရှင်သန်လာခဲ့သည်မှာ တပ်မတော်၏ အမှန်ပကတိရှိနေသော ဥပတိရုပ်အစစ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဘဝနှင့်အသက်ကို စွန့်လွှတ်စတေးပေးဆပ်ရန် ဆုံးဖြတ်ပြီးသော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ခက်ခဲပင်ပန်းကြမ်းတမ်းစွာ သင်ကြားလေ့လာခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့ကို မြန်မာနိုင်ငံမှ မောင်းထုတ်ပြီးလျှင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဟု ဖက်ဆစ်တို့က ကတိပြုကြသည်။ စစ်ပညာသင်ကြားပြီးသော ရဲဘော်သုံးကျိပ်တို့သည် ပြည်တွင်းရှိ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများနှင့် လျှို့ဝှက်ဆက်သွယ်ပြီး နယ်ချဲ့တို့အားတော်လှန်ရန် ပြင်ဆင်ကြသည်။ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများဖွဲ့၍ ဝင်ရောက်လာခဲ့သည်။

ယင်းသို့ စစ်ကြောင်းကြီးများဖြင့် မြန်မာနိုင်ငံတွင်းသို့ တပ်မတော်က ဝင်ရောက်လာခဲ့ရာ တိုင်းရင်းသားပြည်သူတို့သည် တပ်မတော်အား ပန်းသပြေထိုးသော ရေချမ်းအိုးတို့ဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ စစ်ကြောင်းများဖြင့် ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သော ဘီအိုင်အေတပ်တို့သည် တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်း တိုက်ခဲ့ကြရာ အင်အားများ တိုးပွားလာခဲ့သည်။ ပြည်သူတို့သည် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ထက်သန် စွာဖြင့် ရရာဓား၊ လှံ၊ ဒူးလေးတို့ကို စွဲကိုင်ပြီး တပ်မတော်ထဲသို့ ဝင်ရောက် လာခဲ့ကြသည်။

သို့သော်လည်း ဖက်ဆစ်တို့သည် ၁၉၄၂ ခုနှစ် မတ်လ ၈ရက်နေ့တွင် ရန်ကုန်ကို တပ်မတော်နှင့်အတူ သိမ်းပိုက်ပြီးနောက် ပေးထားသည့်ကတိအတိုင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ကြေညာပေးခြင်းမပြုဘဲ အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးမှ ကြေညာမည်ဟူ၍ပြင်ဆင်ပြောဆိုကာ မူလကတိစကားကို ပယ်ဖျက်ခဲ့သည်။ တပ်မတော်သည် ဖက်ဆစ်တို့ကို သံသယဝင်လာခဲ့သည်။ ပို၍ဆိုးရွားလာခဲ့သည်မှာ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများအလိုက် တပ်မတော်က တိုက်ခိုက်သိမ်းပိုက်မိသောမြို့နယ်များတွင် ဖွဲ့စည်းပေးခဲ့သော မြို့ပြအုပ်ချုပ်ရေးအဖွဲ့များအား ဖက်ဆစ်တို့က ဖျက်သိမ်းပြီး ယင်းတို့စိတ်ကြိုက်ပြန်လည် ဖွဲ့စည်းခဲ့သည်။ ထို့အပြင် ရဲဘော်သုံးကျိပ်ဝင် ဗမာ့လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင်အချို့နှင့် အရာရှိများ၊ တပ်သားများအထိ ဖမ်းဆီးမှုများရှိလာခဲ့ရာ တပ်မတော်သည် ဖက်ဆစ်တို့အား တော်လှန်ရတော့မည်ဟု သဘောပေါက်ခံယူလာခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေး တပ်မတော် ပုလောမြို့ တစ်ဖက်ကမ်းသို့ ဆိုက်ရောက်လာစဉ် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



ထို့ကြောင့် ဖက်ဆစ်တို့သည် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးလိုက်ကြောင်း ကြေညာခဲ့ပြီး ဖက်ဆစ်တို့၏ဩဇာခံ ကျွန်နိုင်ငံအဖြစ် ခြယ်လှယ်ရန် ကြိုးပမ်းခဲ့သည်။ ဖက်ဆစ်တို့၏ လွတ်လပ်ရေးအတုကိုပင် တပ်မတော်သည် ပြန်လည်အသုံးချနိုင်ရန် ရသမျှသော အခွင့်အာဏာများဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် လျှို့ဝှက်ပြင်ဆင် စည်းရုံးလှုပ်ရှားခဲ့သည်။ တပ်မတော်သည် စနစ်တကျလေ့ကျင့်ပြင်ဆင်ပြီး သင်တန်းအမျိုးမျိုးသို့ တပ်မတော်အရာရှိ၊ အကြပ် စစ်သည်များအား တက်ရောက်သင်ကြားစေသည်အထိ ပြင်ဆင်စီစဉ်ခဲ့သည်။ အခြားတစ်ဖက်တွင် လည်း ဖက်ဆစ်တော်လှန်ရေးတွင် ပြည်သူ တစ်ရပ်လုံးပါဝင်လာစေရန် စည်းရုံးလှုပ်ရှား ဖွဲ့စည်းခဲ့သည်။

ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန်အတွက် ပြည်-သာယာဝတီ-အင်းစိန်-ဟင်္သာတအား တိုင်း(၁)အဖြစ်လည်းကောင်း၊ ဟင်္သာဝတီ-ဖျာပုံ-မအူပင်အား တိုင်း(၂)အဖြစ်လည်းကောင်း၊ ပုသိမ်-ဟင်္သာတ-မြောင်းမြအား တိုင်း(၃) အဖြစ်လည်းကောင်း၊ ပဲခူး-ရွှေကျင်-သထုံအား တိုင်း(၄)အဖြစ်လည်းကောင်း၊ မော်လမြိုင်-ထားဝယ်-မြိတ် တိုင်း(၅)အဖြစ်လည်း ကောင်း၊ ပျဉ်းမနား-တောင်ငူ-ရှမ်းပြည်နယ် တောင်ပိုင်း တိုင်း(၆)အဖြစ်လည်းကောင်း၊ သရက်-အာလံ-မကွေးအား တိုင်း(၇)အ လည်းကောင်း သတ်မှတ်ခဲ့သည်။

၁၉၄၅ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် အနီထက်တွင် ကြယ်ဖြူလင်း နေသော တပ်မတော်၏ အလံတော်သည် မြင့်မားစွာလွင့်ထူပြီး ပြည်သူတို့နှင့် ဖက်ဆစ်တော်လှန်ရေးကို နိုင်ငံနှင့်အဝန်း တော်လှန်ခဲ့သည်။

၁၉၄၅ခုနှစ် စက်တင်ဘာလ ၂ရက်နေ့တွင် ဖက်ဆစ်တို့သည် လက် ချခဲ့သည်။ ၎င်းနောက် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ် မြောက်ရေးအဖွဲ့ (ဖဆပလ)သည် နေသူရိန်လူထုအစည်းအဝေးပွဲကြီး ကျင်းပပြီး လွတ်လပ် ရရှိရန်ကိုလည်းကောင်း၊ လွတ်လပ်သော ကိုယ်ပိုင်တပ်မတော်ဖွဲ့စည်းရေ လည်းကောင်း ဗြိတိသျှနယ်ချဲ့သမားများထံ တောင်းဆိုခဲ့သည်။

နောက်ဆုံးတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိ နယ်ချဲ့တို့၏ ကျွန်ဘဝမှလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထေ မြန်မာနိုင်ငံတော်အား မီးရှူးသန့်စင် ရှင်သန်မွေးဖွားလာစေခဲ့သည်။

ဤသည်တို့မှာ တပ်မတော်၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း ဖြစ်သ ပြည်သူတို့အကြားမှ ပေါက်ဖွားလာခဲ့သော တပ်မတော်၏ အမျိုးသားနိုင်ငံ ဦးဆောင်ပါဝင်လာသော သမိုင်းရေးဖြစ်စဉ်လည်းဖြစ်သည်။ ထို့ကြောင့်ပင် တပ်မတော်သည် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ် ရှင်သန်လာရေးအတွက် ကိုယ်ပိုင်အဆုံးအဖြတ်၊ ကိုယ်ပိုင်ရပ်တည်ချက်တ ကိုယ့်အားကိုယ်ကိုးသည့် အမျိုးသားတပ်မတော်အဖြစ် ဖွဲ့စည်း ပေါ်ထွန် ခဲ့သည်။

တပ်မတော်သည် "ပြည်သူထဲက ပြည်သူတို့၏တပ်မတော်"ဖြစ်သ တပ်မတော်သည်"နိုင်ငံနှင့်လူမျိုးအတွက်ဟူသော" ယုံကြည်ချက်ဖြင့် ဖွဲ့ ထူထောင်လာခဲ့ခြင်းဖြစ်သည်။ တပ်မတော်သည် မည်သည့် လူပုဂ္ဂိုလ်၊ မည်သ ပါတီအဖွဲ့အစည်း၏ ဩဇာခံ၊ အသုံးချခံ အဖွဲ့အစည်း မဟုတ်သ နိုင်ငံတော်၏အမျိုးသားရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု သမိုင်းကြော သန္ဓေတည် မွေးဖွားဖြစ်တည် ရှင်သန်လာခြင်းဖြစ်ရာ အမျိုးသားတပ်မ အဖြစ် အမျိုးသားရေးတာဝန်အား မည်သည့်ကာလမျှ ကျောခိုင်းခြင်းမ ရဲရဲဝံ့ဝံ့၊ ပြတ်သားစွာထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ ထမ်းဆောင်နေသည် ဖြစ်သည်။

ဤသည်ပင်လျှင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်ဟူသော အမျိုးသာ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုသမိုင်းက မွေးဖွားဖြစ်တည် ရှင်သန်လာခဲ့ "ပြည်သူထဲက ပြည်သူတို့၏တပ်မတော်" ဖြစ်သည်ဟု အလေးအနက်ဆို ရပါသည်။ ။

ဆမားခံတပ်

ဗြိတိသျှနယ်ချဲ့တပ်များနှင့် မျိုးချစ်ကချင် နယ်ချဲ့ဆန့်ကျင်ရေးအင်အာ တို့ အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည့် ဆမားခံတပ်ကို တွေ့ရစဉ်။

(အဆိုပါခံတပ်တွင် ဗြိတိသျှကပ္ပတိန် မော်တွန် ကျဆုံးခဲ့သ ဖို့ဒ်မော်တွန်ဟု ဗြိတိသျှတို့က အမည်ပေးခဲ့သည်။)

ဘောဂဝတီကျောင်း သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၈)ရပ်ကွက် ကံ့ကော်မြိုင်လမ်း ဘောဂဝတီကျောင်း၌ ဧပြီ ၁၁ရက်မှ ၁၇ ရက်ထိ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိကဆရာတော် အရှင်ဝိစာရအရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ရာ တရားဝင်လိုသောယောဂီများ ဧပြီ ၁၀ ရက်ညနေ အရောက်လာကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ပစ္စည်းနှင့် အလှူငွေများပေးအပ်

ရန်ကုန် မတ် ၁၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် ကျန်စစ်သား စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် မြဝတီစစ်ကြောင်းရုံး၌ ကျင်းပရာ ဟာဂျီမောင်မောင်ကြည်-မချို(ဂေါ်ပြား) (ပြင်ဦးလွင်) မိသားစုက ငွေကျပ်တစ်သိန်းရှစ်ထောင်တန်ဖိုးရှိ အချိုရည်ဘူး ၂၁၆၀ကိုလည်းကောင်း၊ မာမီကြီးဒေါ်တင်ရီ၊ ဒေါက်တာဦးဗိုလ်ကြူနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ အစ်မကြီးဒေါ်နုနုခင်မိသားစုက အလှူငွေ ကျပ်လေးသောင်းတန်ဖိုးရှိ သကြားလုံး ၅၅၀၀ကိုလည်းကောင်း၊ ဒေါ်မိနီမိသားစုက ငွေကျပ်လေးသောင်း တန်ဖိုးရှိ ဝေဖာအထုပ် ၂၄၀၀တို့ကို လည်းကောင်း ကျန်စစ်သားစစ်ကြောင်းမှူးဗိုလ်မှူးကြီးသိန်းတန်ထံသို့ပေးအပ် လှူဒါန်းသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်စစ်သား စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်း တို့သို့ အလှူရှင်များက အချိုရည်၊ သကြားလုံးနှင့် ဝေဖာများကို ပေးအပ်လှူဒါန်းရာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းတန်က လက်ခံရယူစဉ်။ (ထပဆ)

✾ **ကျောဖုံးမှ**

ရှေ့ဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နံနက်၈နာရီတွင် စစ်ရေးပြစစ်ကြောင်းများ တည်းခိုသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ ရောက်ရှိလာရာ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုး၊ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီး လင်းမောင်၊ ကျန်စစ်သားစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဦးစီးအရာရှိ(ပထမတန်း)(စစ်ထောက်) ဒုတိယဗိုလ်မှူးကြီးသိန်းဆင့်က တိုင်းစစ်ဌာနချုပ်အတွင်း စစ်ကြောင်းများနေရာချထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်စစ်သားစစ်ကြောင်း စစ်ကြောင်းမှူးနှင့် မြဝတီစစ်ကြောင်း စစ်ကြောင်းမှူးတို့က စစ်ရေးပြတပ်ခွဲများနေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စစ်ကြောင်း၊ တပ်ခွဲများအလိုက်စစ်ရေးပြကောင်းမွန်ရေး၊ စစ်သည်များ စိတ်ဓာတ်မြင့်မားပြီး စည်းကမ်းစနစ်တကျရှိရေးနှင့် ကျန်းမာပျော်ရွှင်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များနှင့် စားချက်ဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဂျီအီးစီအရောင်းဆိုင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ဆက်ဆံရေးစခန်းကို ကြည့်ရှုစစ်စစ်ဆေးပြီး စစ်ရေးပြစစ်ကြောင်းများတွင် ဖွင့်လှစ်ထားသည့် ဆက်ဆံရေးစခန်းများအနေဖြင့် စစ်ရေးပြတပ်ခွဲများမှ စစ်သည်များအား စစ်သည်တော်ကျင့်ဝတ်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ဖြေဆိုပွဲများကျင်းပပေးပြီး ဂုဏ်ပြုဆုများချီးမြှင့်ပေးရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စာအုပ်အရောင်းဆိုင်၊ ဆက်သွယ်ရေးစခန်းနှင့်သက်သာချောင်ချိရေးအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

နဝဒေးစစ်ကြောင်း

ထိုမှတစ်ဆင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရန်ကုန်မြို့ သန်လျက်စွန်းရှိ ရေဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ နဝဒေးစစ်ကြောင်း စစ်ရေးပြလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ စစ်ရေးပြပိုမိုကောင်းမွန်သည့် တပ်ခွဲများအား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။ ထို့နောက်နဝဒေးစစ်ကြောင်း စစ်ကြောင်းရုံး၌ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်သော်က စစ်ရေးပြတပ်ခွဲအလိုက် နေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချက်ပြုတ်ကျွေးမွေးမှု ပိုမိုကောင်းမွန်သည့် စားချက်အဖွဲ့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲများအတွက် ဖွင့်လှစ်ပေးထားသည့်သက်သာချောင်ချိရေး အရောင်းဆိုင်များနှင့် ဆက်ဆံရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အောင်ဆန်းစစ်ကြောင်း

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ စစ်ရေးပြလေ့ကျင့်မှု ပိုမိုကောင်းမွန်သည့် တပ်ခွဲများအား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ထို့နောက် အောင်ဆန်းစစ်ကြောင်း စစ်ကြောင်းရုံး၌ စစ်ကြောင်းမှူးဗိုလ်မှူးကြီးမောင်မောင်သန်းက စစ်ရေးပြတပ်ခွဲများ နေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်စစ်ဆေး

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောင်ဆန်းစစ်ကြောင်း စစ်ရေးပြတပ်ခွဲများ၏ စားချက်ဆောင်၊ စားရိပ်သာနှင့် တည်းခိုဆောင်များ၊ ဆက်ဆံရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့ တည်းခိုသည့် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ စစ်ကြောင်းမှူးများက စစ်ရေးပြတပ်ခွဲများ နေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် စစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များ၊ စားချက်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲများမှ တပ်မတော်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ပြုံးသူမှာမျက်ရည်စတွေနဲ့ ဇာတ်လမ်းပမာ နားဆင်စရာထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေစင်ထက်၏ ဝတ္ထုဇာတ်ညွှန်းကို သီသီဦး စီစဉ်ထုတ်လွှင့်မည့် **ပြုံးသူမှာမျက်ရည်စတွေနဲ့** ဇာတ်လမ်းပမာ နားဆင်စရာကို မတ်၁၄ ရက် မွန်းလွဲ ၁၂နာရီခွဲနှင့် မတ် ၁၆ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တို့တွင် မြန်မာ့အသံက ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရှုမဝစမ်းစမ်းအေး၊ မိုးယံဇွန်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေစင်ထက်၏ ဝတ္ထုဇာတ်ညွှန်းကို သီသီဦး စီစဉ်ထုတ်လွှင့်လိုက်သည့် ပြုံးသူမှာမျက်ရည်စတွေနဲ့ဇာတ်လမ်းကို မြန်မာအသံတွင် အသံသွင်းနေကြစဉ်။ (မြန်မာ့အသံ)

စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

ရန်ကုန်တက္ကသိုလ် ရူပဗေဒအဓိက (၁၉၇၂-၁၉၇၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများအားလုံး တက်ရောက် ကုသိုလ်ယူကြရန်နှင့် ဒေါ်ခင်မာကြူ ဖုန်း-၅၈၁၀၃၁၊ ဦးမျိုးဆွေ ဖုန်း-၅၃၇၂၆၆၊၀၉-၅၀၁၉၃၂၂၃၊ ဦးဝင်းမြင့် ဖုန်း-၅၂၆၇၁၇၊ ဦးမြင့်ဝင်း ဖုန်း-၂၅၆၅၀၅၊ ၅၁၁၄၇၇၊ ၂၂၀၇၆၄နှင့် ဦးချစ်စိန် ဖုန်း-၂၈၀၉၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

တာလေမြို့နှင့် ကျိုင်းလပ်မြို့ရှိ ပြန်ကြားရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်အောင်၊ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးထွန်းတင့်စိုး၊ တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တာချီလိတ်မြို့နယ် တာလေမြို့သို့ မတ် ၉ ရက် နံနက်ပိုင်းတွင်ရောက်ရှိပြီး စုပေါင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာရုံးများကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မိုင်းပါလျှိုးဒေသ နမ့်တိုင်းတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိုင်းပါလျှိုးဒေသ နမ့်တိုင်းကျေးရွာသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံနှုတ်ဆက်၍ နမ့်တိုင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး နယ်မြေခံတိုင်းရင်းသားများနှင့် တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် စုပေါင်းခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် စုပေါင်းရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်တွဲကြိုးပမ်း

တာလေမြို့နှင့် ကျိုင်းလပ်မြို့တို့အား စစ်ဆေးစဉ်တွင် ဒုတိယဝန်ကြီးက ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့သည် နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ဤနယ်မြေသို့ ရောက်ရှိနေကြသူများဖြစ်၍ နယ်မြေလူထုအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ နယ်မြေအကျိုး ဆောင်ရွက်ရာတွင် နယ်မြေလူထုနှင့် မိသားစုသဖွယ် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၄ (သောကြာနေ့)

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
  – **၂၀၀၂ခုနှစ်(၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၅ ၃။ Practice in Reading.
- ၄:၃၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၂ ခုနှစ်)
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၀။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၆)**
- ၇:၃၀ ၁၅။ ဖွံ့ဖြိုးသာယာပါဒကြီးကျေးရွာ
- ၇:၄၀ ၁၆။ **– ၂၀၀၂ခုနှစ်(၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
  "ပြည်သူ့အတွက်တပ်မတော်"
  – ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
  – အမြင်အတိုင်း (ပိုးအိစံ)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ "ရွှေဦးဆောင်းနှောင်း လတပေါင်း" (အပိုင်း-၂)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညို ဂုဏ်ပြုနေ့လယ်စာ စားပွဲတက်ရောက်

ရန်ကုန် မတ် ၁၁

တရုတ်-မြန်မာ နှစ်နိုင်ငံစာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှုကို တိုးပွားလာစေရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့-အဖွဲ့ဝင် ဝမ်ချူးလီ ခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၇နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ရွှေတိဂုံစေတီတော် သမိုင်းနှင့် ထူးခြားအံ့ဖွယ်သိကောင်းစရာများကို လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရုံးချုပ်)သို့ သွားရောက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများ အသင်း သဘာပတိအဖွဲ့-အဖွဲ့ဝင် ဝမ်ချူးလီ ခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ (Oriental House) စားသောက်ဆိုင်၌ တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် သီချင်းရေးသူ ဦးစိုးညွှန့်(ထီလာစစ်သူ)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Feng တို့ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့-အဖွဲ့ဝင် ဝမ်ချူးလီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အမှတ်တရ ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြကာ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် သီချင်းရေးသူဦးစိုးညွှန့်(ထီလာစစ်သူ)က ၎င်းရေးသားပြီး တရုတ်ဘာသာဖြင့် ထုတ်ဝေသည့်"ရောဝတီယန်စီချစ်ကြည်ရေး တေးဆို" အလင်္ကာ ကဗျာများ စာအုပ်ကိုလည်းကောင်း၊ စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်က ၎င်းရေးသားပြီး မြန်မာဘာသာဖြင့် ထုတ်ဝေသည့် "အကြင်နာ မဟာတံတိုင်း" စာအုပ်ကိုလည်းကောင်း တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝမ်ချူးလီအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ထို့နောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး စာပေနှင့်ပတ်သက်သည့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့-အဖွဲ့ဝင် ဝမ်ချူးလီခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် International Planned Parenthood Federation (IPPF) တို့ ပူးပေါင်းကျင်းပသော IPPF ၏ နည်းဗျူဟာဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အိုင်ပီပီအက်ဖ် နည်းဗျူဟာဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် International Planned Parenthood Federation (IPPF) တို့ပူးပေါင်းစီစဉ် ကျင်းပသော IPPF ၏ နည်းဗျူဟာဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တာဝန်ရှိသူများ၊ International Planned Parenthood Federation (IPPF) အရှေ့၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Datuk Dr. Raj Karim နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဖတ်ကြား ကြေညာသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် International Planned Parenthood Federation (IPPF) အရှေ့၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Datuk Dr. Raj Karim က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ရုပ်နားလိုက်သည်။

ဆက်လက်၍ နံနက် ၁၀နာရီတွင် IPPF ၏ နည်းဗျူဟာဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

IPPF ၏ နည်းဗျူဟာဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် (IPPF) အရှေ့၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Datuk Dr. Raj Karim က နှုတ်ခွန်းဆက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ အဖွဲ့ချုပ်လုပ်ငန်း ရုပ်ရှင်အစည်းအရုံး၌ ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမဆောင်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မြန်မာစာပါမောက္ခ ဒေါ်ခင်ဆွေမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး၊ အမျိုးသမီးရေးရာ လုပ်ငန်းကဏ္ဍများအကြောင်းကို ဒေါ်ခင်စောဥမ္မာနှင့် ဒေါ်ရီရီဝင်းတို့က ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပေးဆပ်သူတို့နှလုံးသား ရာဇဝင်ဇာတ်ကား ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မတ် ၁၁

ယခု သောကြာပတ်တွင် ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူး၍ ညွှန့်ဝင်း၊ ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်း၊ ခိုင်နှင်းဝေတို့ သရုပ်ဆောင်သော **ပေးဆပ်သူတို့နှလုံးသား** ရာဇဝင်ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများ၌ ဆက်လက်ပြသနေသည်။

ကိုယ်တိုင်ရေးရာဇဝင်

ဒါရိုက်တာမောင်မျိုးမင်း ရိုက်ကူး၍ ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်သော **ကိုယ်တိုင်ရေးရာဇဝင်** ဇာတ်ကားမှာ ရှေ့ဆောင်ရုံ၌ ပြသနေသည်။

ဆက်လက်၍ အမေရိကန်တို့ ဗီယက်နမ်အား ကျူးကျော်တိုက်ခိုက်ပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော စစ်ဇာတ်ကားဖြစ်သည့် We Were Soliders ဇာတ်ကား နေပြည်တော်ရုံ၌ ပြန်လည်တင်ဆက်ပြသသည်။

ယခုသောကြာပတ်တွင် မင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးသည့် **မောင်မင်းကြီးသား မောင်မြဖေ** အဆင့်မြင့်ဒီဗွီဒီဇာတ်ကား ရွှေဂုန်ရုံ၌ ပြသနေသည်။ ညွှန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ မေသန်းနု၊ မြင့်မြင့်ခိုင်၊ ခင်စိုးပိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား

အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကားသစ် Pyaasa အမည်ရှိဇာတ်ကား မြို့မရုံတွင် တင်ဆက်ပြသသည်။ မင်းသား အက်ဖ်တပ်ဖ်၊ မင်းသမီးဆာရက်ဇူလဖီတို့ သရုပ်ဆောင်ကြသော အချစ်နှင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

ရတနာပုံရုံတွင် အိန္ဒိယဇာတ်ကား အကယ်ဒမီရ Raja Hindustni အမည်ရှိ ဇာတ်ကား ရုံတင်သည်။ အပာစ်ခန်၊ ကရစ်ကပာကပူတို့ သရုပ်ဆောင်ကြသည်။

ဘုရင်ရုံတွင် အိန္ဒိယ မေတ္တာဖွဲ့ ဇာတ်ကား Arzoo အမည်ရှိ ဇာတ်ကား ရုံတင်ပြသည်။ အရှစ်ကူမာ၊ ဆိုက်အလီဆန်နှင့် မာဒူရီဒူဆစ်တို့ ပါဝင်ကြသည်။

ဆက်လက်၍ ဆုထူးပန်ရုံတွင် Baaghi အမည်ရှိ အိန္ဒိယအက်ရှင် ဇာတ်ကြမ်းကား ရုံတင်ပြသသည်။ သရုပ်ဆောင် ဆန်ဂျေးဒတ်၊ မနီရှာကွိုင်တို့ သရုပ်ဆောင် ပါဝင်ကြသည်။

မျက်နှာများတဲ့ကောင်းကင်

ရောဝတီရုံတွင် ရန်အောင်၊ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့ပါဝင်သည့် **မျက်နှာများတဲ့ ကောင်းကင်** ဇာတ်ကား ဆက်လက်ပြသနေသည်။ **(ကြေးမုံ)**

"ပေးဆပ်သူတို့နှလုံးသား" ဇာတ်ကားမှ ရန်အောင်၊ မျိုးသန္တာထွန်း။



Pyaasa အိန္ဒိယဇာတ်ကားသစ်မှ သရုပ်ဆောင်ဟန်။



ဇမ္ဗူတလူဗီဒီယိုမှ ဖြန့်ချိမည့် ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသည့် "နှုတ်ခမ်းနီမလေးများ" ဗီဒီယိုဇာတ်ကားမှ သရုပ်ဆောင်ကွက်။

ပေါ့ပေါ့ပါးပါးပြုံး မကြာမီ ရုံတင်မည်

ရန်ကုန် မတ် ၁၁

လာမည့် သောကြာပတ်တွင် ချစ်သူရုပ်ရှင်မှ ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူး၍ ကျော်ရဲအောင်၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့်ဇာဂနာ တို့ပါဝင်သည့် **ပေါ့ပေါ့ပါးပါးပြုံး** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ **(ကြေးမုံ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီကကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ပြင်ဆင်မှုအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ SMI Co,. Ltdကအလှူငွေကျပ် ၁၂၀၀၀၀၀၊ MHLG Co., Ltd. က အလှူငွေကျပ် ၁၀၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းပြီး (၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှလက်ထောက်ကထိက ဦးခင်မောင်ဝင်းက ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲတွင် ဖြေဆိုရမည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မိမိတို့ သတ်မှတ်နေရာများ၌ဝင်ရောက်ဖြေဆိုကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျင်းပသွားမည်

အဆိုပါ ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲသို့ကမာရွတ်၊တာမွေနှင့် သန်လျင်မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၇၅ဦးတို့ ယနေ့ ဝင်ရောက်ဖြေဆိုကြကြောင်းနှင့် ပြိုင်ပွဲကို မတ် ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီး ပြခန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပြခန်းများခင်းကျင်းပြသရေးနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြခန်းများခင်းကျင်းပြသရေးစီစဉ်ထားရှိမှုများကို ယနေ့နံနက်စနာရီတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သာသနာရေးဝန်ကြီးဌာန ပြခန်းများစီစဉ်ထားရှိမှုများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို ဝန်ကြီးက တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ စင်တင်တေး၊အငြိမ့်နှင့် ရုပ်ရှင်များဖျော်ဖြေ

ရန်ကုန် မတ် ၁၁

(၅၉)နှစ်မြောက်တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီစင်တင်တေးဂီတ)အဖွဲ့၊ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ထိုသို့ဖျော်ဖြေရာတွင် တပ်မတော် အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်းတွင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတ) အဖွဲ့နှင့် အတူ စတီရီယို တေးသံရှင်များက လည်းကောင်း၊ တောင်ဥက္ကလာပ မြို့နယ်နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အဆို၊အက၊အငြိမ့်၊ဟာသများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့၌ "နှုတ်ခမ်းထက်က ဓားသွား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ ရေဝတီရေတပ်စခန်း ဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ "ညမင်းသား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိဆင်ဖြူရှင်စစ်ကြောင်း၌"မောဟမျဉ်းပြိုင်များ"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှု

အဆိုပါဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊တပ်ရင်းမှူးများနှင့်အရာရှိစစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မီးသတ်စခန်းများ ဒုတိယဝန်ကြီးစစ်ဆေး

ရန်ကုန် မတ် ၁၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ထောက်ကြန့်မြို့နယ် မီးသတ်စခန်းသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် လေးဒေါင့်ကန်၊ လှည်းကူးမြို့နယ်နှင့် ထောက်ကြန့် မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံများက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် တပ်ဖွဲ့ဝင်များအား အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်စက်ယာဉ်များ၏ စက်သုံးဆီသုံးစွဲမှု အခြေအနေများ၊ မီးငြိမ်းသတ်စဉ် ရေအလွယ်တကူရရှိရေး ကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

❍ ကေအင်န်ပီပီမှ

လှိုင်ကော်မြို့ အုပ်စု(၉)နာနတ်တောမှ မသဲအိလှိုင် ၁၈နှစ်(ဘ- ဦးချစ်လှိုင်)၊ လှိုင်ကော်မြို့ အုပ်စု(၆) ဒေါတမရပ်ကွက်မှ ကိုဝင်းကို ၂၈နှစ်(ဘ-ဦးမြင့်ဆွေ)၊ လှိုင်ကော်မြို့ အုပ်စု(၉) ကြည်သာယာရပ်ကွက်မှ ဦးသိန်းအေး ၄၂နှစ် (ဘ-ဦးစစ်တာ)၊ ဖရူဆိုမြို့နယ် ငွေတောင်ရွာသစ်မှ မချောစုလှိုင် ၁၈နှစ် (ဘ-ဦးဘိုချို)တို့ ဒဏ်ရာများရရှိကြသည်။ လူနာများအား လှိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးများ ကုသပေးလျက်ရှိသည်။

သောင်းကျန်းသူများ ဆုတ်ခွာသွားရာနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင်အပျော်စီးသင်္ဘောရောက်ရှိ

ရန်ကုန် မတ် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Myanmar Voyages International Tourism Co., Ltd ၏စီစဉ်မှုတို့ဖြင့် ကမ္ဘာလှည့် ခရီးသည် ၄၃၉ ဦးတို့ပါရှိသည့် MV Crystal Serenity အပျော်စီးသင်္ဘောသည် ရန်ကုန်တိုင်းမြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ယနေ့နံနက်ပိုင်းတွင် ဆိုက်ရောက်လာရာ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖေသန်းက လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်ပေးပြီးမြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းသင်္ဘောသည် ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သော ရှစ်လက တည်ဆောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ယခု ပထမဆုံးအကြိမ်လာရောက်လည်ပတ်ခြင်းဖြစ်သည်။

အဆိုပါသင်္ဘောမှ ခရီးသည်များသည် အဖွဲ့များခွဲ၍ ရန်ကုန်မြို့တွင်းခရီးစဉ်၊ ပဲခူးခရီးစဉ်၊ ပုဂံခရီးစဉ်နှင့် မန္တလေးခရီးစဉ်များသို့ သွားရောက်လည်ပတ်ကြပြီး မတ်၁၃ရက် ညနေပိုင်းတွင် MV Crystal Serenity အပျော်စီးသင်္ဘောသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည် ၄၃၉ ဦး တင်ဆောင်လာသော MV Crystal Serenity **အပျော်စီး သင်္ဘောကြီး မတ် ၁၁ ရက် နံနက်ပိုင်းက သီလဝါ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။** (သတင်းစဉ်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရွှေဘိုမြို့၊ သက်သာပန်းတောင်ရပ်နေ ဦးစံရွှင်(အငြိမ်းစားကျောင်းဆရာကြီး)–ဒေါ်ခင်မြင့်(အငြိမ်းစားကျောင်းဆရာမကြီး)တို့၏ သားလတ်

ဒေါက်တာဝင်းမြင့်အောင်

M.B.,B.S, DM(Internal Medicine)., MRCP(UK)
CONSULTENT PHYSICIAN (SAVANNA- LA-MAR HOSPITAL)

နှင့်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၃၁၀)၊ အခန်း(၄)နေ ဒေါက်တာကြီးမြင့် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ အရိုးအထူးကုဆရာကြီး)–ဒေါ်ခင်စောလင်း(လ/ထ ညွှန်မှူး၊ အမှတ်–၁၊ အခြေခံပညာဦးစီးဌာန) တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမြင့်မြတ်သွေး

M.B.,B.S (YGN)
RESIDENT (SAVANNA -LA-MAR HOSPITAL)

တို့သည် ၂၇–၁–၂၀၀၄နေ့တွင် လက်မှတ်ရေးထိုးပြီးစီးပြီဖြစ်၍ ၁–၂–၂၀၀၄နေ့တွင် JAMAICA နိုင်ငံ NEGRIL HILL GOLF CLUB ခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေးမှ မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုး သူငယ်ချင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာဝင်းမြင့်အောင်–ဒေါက်တာမြင့်မြတ်သွေး။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းနှုန်းထား ကျပ်ငွေဖြင့် ခန့်ထားရန်)

မုန့်ကုမ္ပဏီလီမိတက်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအား အလိုရှိပါသည်။

(၁) မန်နေဂျာ ကျား(၄)ဦး
(ကော့သောင်း၊သံတွဲ၊ရန်ကုန်)
အသက်(၃၅)နှစ်အထက်၊ ဘွဲ့ရရှိထားပြီး ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စာ အရေးအပြော ကျွမ်းကျင်ပြီး၊ လုပ်ငန်းကို ဦးဆောင်နိုင်သူဖြစ်ရမည်။

(၂) ရုံးဝန်ထမ်း ကျား/မ (၈)ဦး
အသက်(၃၀)အောက်၊ ဘွဲ့ရရှိထားပြီး ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စာ အရေးအပြော ကျွမ်းကျင်ပြီး၊ ကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် ဓာတ်ပုံ(၂)ပုံကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်း အပြည့်အစုံပူးတွဲ၍ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်သည်။

မုန့် ကုမ္ပဏီလီမိတက်
အမှတ်(၁၃၇)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာကုန်စည်ပြပွဲ ၂၀၀၄ ကျင်းပမည်

ရန်ကုန် မတ် ၁၁

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာနှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ – ၂၀၀၄ Myanmar Trade Fair 2004 ကို ဧပြီ၂ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် Quartz International Co., Ltd က ကျင်းပမည် ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့်ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ဝလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့်တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေး ဆေးဝါးပစ္စည်း အမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment Co., Ltd. ၏ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး ကြော်ငြာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည် ဖြစ်ရာ ဖုန်း–၅၇၃၁၄၈သို့ ဆက်သွယ်နိုင်သည်။(သတင်းစဉ်)

မင်္ဂလာဆုတောင်း

ကိုဝင်းနှင့် မီးမီးတို့၏ မင်္ဂလာဦးရက်မြတ်မှသည် နှစ်(၁၀၀)တိုင် ပျော်ရွှင်ချမ်းမြေ့သော မင်္ဂလာရှိကို အတူလက်တွဲလျှောက်လှမ်းနိုင်ကြစေရန် မေတ္တာဆုတောင်း ပေးပို့ပါသည်။

ရပ်ဝေးမှဆွေမျိုးများနှင့် ညီအစ်ကိုမောင်နှမများ။

မြတ်သန္တာ

မြစ်တွင်းအပျော်စီးရေယာဉ်နှင့်ရေပေါ်စားဉယျာဉ်



နွေဦးကိုရောက်ပြီလေ… ဒီလိုမွန်းကြပ်တဲ့ နွေညနေခင်းတွေမှာ အေးမြတဲ့ "မြတ်သန္တာဒိုနာအေဝ်" မှာ အပန်းဖြေမယ်ဆိုရင် ၁၃-၃-၀၄ နှင့် ၁၄-၃-၀၄ ညနေ ၅နာရီ မှာ သင်္ဘောစီးခြင်းကြိုဆိုပါ။ စနေ၊ တနင်္ဂနွေနှင့်အစိုးရရုံးပိတ်ရက်တိုင်း ညနေ ၅နာရီ မှာ ဖျော်ဖြေမှုအစီအစဉ်များစွာ စားသုံးမှုဝယ်လို့ရနိုင်သင်္ဘော ထွက်ခွာပါမည်ကြောင်းရက်များ တွင်လည်းစိတ်ရက်မရှိ ဆိုင်ရွှင့်လှစ်ထားပါသည်။

ဆက်သွယ်ရန် — အမှတ် (၂) ရေ့ဆိပ်ကွန်ဆိပ်ခံတံတား ဆိပ်ကမ်းမြို့နယ်၊ ဖုန်း – ၂၈၃၆၈၃၊ ၃၇၅၁၈၁၁
၂၂၂၂၅၃၊ ၇၈၀၁၁၁၁၊ ၀၉ ၈၈ ၃၃၃၅၀ ၀၉ ၈၈ ၂၈၀၃၄ ၀၉ ၅၀ ၁၄၃၃၄

စီနည်းညီ ဆိုက်ပြည် အသစ်ချုပ်ထားသော

သမ္မတာရှင်ပြုရဟန်းခံသင်္ကန်းများကို

အားပေးဝယ်ယူနိုင်ပြီ။

အမှတ်(၁)(ဗီ) ... ဆောင် ... ☎ 545395, 545396
အမှတ် ၂(ဘီ) ... ☎ 380573
... ☎ 543282, 543206, 0999-24363

ကားအမြန်ရောင်းမည်
Tico SE ၁၁/……
Hilux 78 Model
ဏ/……
ဖုန်း- 251960-1-2
251958

ချောင်းသာသီးသန့်
(၃)ညအိပ်(၄)ရက်(လိုင်းလိုင်း)
၂၀-၃-၂၀၀၄ ထွက်မည်။
Golden Hope Int' Ltd.
ဖုန်း–၂၀၂၇၇၇၊ ၇၀၃၂၂၀။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေ)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည်ကိုစွာပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မတ်လအတွက်
(၁၄–၃–၂၀၀၄)ရက်နေ့
နှင့်
(၂၈–၃–၂၀၀၄)ရက်နေ့

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၅၀/C)၊ မြေဗောင်လမ်းနေ (ဦးထွေးမောင်မောင်)–ဒေါ်ချစ်ချစ်မြင့်တို့၏ သားကြီး

မောင်ကိုကိုအောင် နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၀၂)(Twin -B)၊ ဝေဇယန္တာအိမ်ရာ(ကွင်တ်)၊ ဝေဇယန္တာလမ်းနေ ဦးစံထွန်းလှ–ဒေါ်စောသန္တတို့၏ သမီးလတ်

မငင်းမြမြစံ

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများ၏ သဘောတူညီချက်အရ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကိုကိုအောင်–မငင်းမြမြစံ။

အများသိစေရန်ကြေညာချက်နှင့်

ဦးနိုင်လင်းအောင်[၇/အဝန(နိုင်)၀၇၁၂၄၃] သိစေရန်

ကျွန်ုပ်၏ မိတ်ဆွေဒေါ်သီတာ–၁၂/ခဒန(နိုင်) ၀၁၃၅၂၂ (ဈေးကွက် မန်နေဂျာ)ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်၏ အရောင်းစာရေးဖြစ်သူ နိုင်လင်းအောင် [၇/အဖန(နိုင်)၀၇၁၂၄၃]သည် ကုမ္ပဏီပိုင်ငွေကြေးများကို သုံးရက်အတွင်း ကုမ္ပဏီသိုလာရောက်ဖြေရှင်းရန်၊ ကုမ္ပဏီအနေဖြင့် နိုင်လင်းအောင်အား မည်သည့်တာဝန်မှ ပေးအပ်စေခိုင်းခြင်းမရှိတော့ကြောင်းနှင့် ကုမ္ပဏီနှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

အမှတ်၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း–၃၇၇၇၁၄

ဦးစိန်လှိုင်၊ ဘီအေ၊ အာရ်အယ်လ် စစ်မှုထမ်း(အငြိမ်းစား)
တရားရုံးချုပ်ရှေ့နေ(၂၀၁၆)

အာစရိယပူဇော်မည်

သံတွဲ မတ် ၉

သံတွဲမြို့နယ် ငပလီအမက၊ အလက ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုတင်လှိုင်၊ ကိုမြင့်သိန်း အမေ့အိမ် စာပေ အမှတ်(၈၆)၊ ပန်းဆိုးတန်း ရန်ကုန်မြို့၊ ဖုန်း-၃၈၂၁၀၀၊ မညွန့်ညွန့်မေ ရန်ကုန် ဖုန်း-၅၂၅၃၉၄၊ ကိုအောင်နိုင်ဦး သံတွဲ ဖုန်း ၀၄၃-၆၂၇၆၆၊ မတင်မိုးလှိုင် ငပလီ ဖုန်း ၀၄၃-၄၄၀၄၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကော့ရွာကျေးရွာ စက်ရေတွင်းဖွင့်ပွဲ ကျင်းပ ကျေးရွာပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိ

ရွှေဘို မတ် ၂

ရွှေဘိုမြို့နယ် ကော့ရွာကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ကျေးရွာနေ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းက စက်ရေတွင်းတူးဖော်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြည်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရေတွင်းကို စည်သူဦးစံသိန်းနှင့် ဇနီး ဒေါ်ကျင်စိန်တို့က အလှူငွေကျပ် ငါးသိန်း၊ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် စည်ပင်ထည့်ဝင်ငွေ ၂၇၅၄၂၄ ကျပ်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ တစ်နာရီလျှင် ရေဂါလန် ၂၅၀၀ ထွက်ရှိပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် တူးဖော် ဆောင်ရွက်ပေးသော မြင်းခြံမြို့နယ် ကျောက်ပြုတ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က အဆိုပါ စက်ရေတွင်း၌ ကျင်းပရာ မြင်းခြံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်နှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၁၄)

ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ကလေး ဖေဖော်ဝါရီ ၂၉

ကလေးမြို့ ညောင်ပင်သာရပ်ကွက် ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လမ်းသစ်ဖွင့်ပွဲတွင် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၂၀၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရှိရသည်။

(၄၅၇)

မြို့နယ်သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးအားကစားကော်မတီတို့က ဆံကေသာအလှမယ်နှင့် ပြည်တွင်းဖြစ် အထည်ဝတ်စားဆင်ယင်မှုအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၁ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပထမရရှိသူ မခိုင်ဝင့်ရီ (ဖယ်ခုံမြို့နယ်)အား အမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးအားကစား ကော်မတီနာယက ဒေါ်ဝင်းဝင်းနုက ဆုချီးမြှင့်စဉ်။ (၃၀၅)

ကျန်းမာရေးပညာပေး ပုသိမ်မြို့၌ ဟောပြော

ပုသိမ် ဖေဖော်ဝါရီ ၂၈

ပုသိမ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများဖြစ်သော သမားတော် ဒေါက်တာ တင်မောင်ချစ် (အထွေထွေရောဂါကု)၊ ဒေါက်တာ ဦးတင်အောင်(အရိုး)၊ ဒေါက်တာ ဦးကြင်သိန်း (နား၊ နှာခေါင်း၊ လည်ချောင်း)နှင့် ဒေါက်တာဒေါ်သန်းသန်းထွေး(မျက်စိအထူးကု)တို့က သက်ဆိုင်ရာ ရောဂါဝေဒနာများအလိုက် ရှင်းလင်းဟောပြောကြသည်။ **(၁၆၅)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွဋ်တို့သည် ဖေဖော်ဝါရီ ၂၆ ရက်က မြေခြားမြောက်ကျေးရွာနှင့် အောင်ပန်း-ရွာငံ လမ်းမကြီး ဆက်သွယ်သည့် မြေသားလမ်းအား ကျောက်ချောလမ်းခင်းနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ အလှူငွေပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၂၉

မန္တလေး အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ကမ်းနားလမ်း မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အဆိုပါ အလှူငွေ ပေးအပ်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးမြင့်ရွှေ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ရီရီသောင်းနှင့် အမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်မျိုးမြင့်၊ အတွင်းရေးမှူး ဒေါ်နီလာထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် ၁၉ ရပ်ကွက်မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် တည်းခိုခန်းပိုင်ရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးတင်ညွှန့်က အဖွဲ့ကိုယ်စား ကျပ်တစ်သိန်း၊ မင်းဆောက်လုပ်ရေးအဖွဲ့မှ ငွေကျပ်ငါးသောင်း၊ ရွှေပြည်သာ ကျောက်မျက်လုပ်ငန်းမှ ငွေကျပ်ငါးသောင်းနှင့် ကျပ်တစ်သောင်း အလှူရှင် ၁၀ ဦးတို့၏ အလှူငွေများကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မျိုးမြင့်ထံ ပေးအပ်လှူဒါန်းသည်။

(၃၈၇)

ဖလံချိုင်ကျေးရွာ နယ်လှည့်စာကြည့်တိုက်ဖွင့်

တန့်ဆည် မတ် ၃

တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးညိုဝင်းနှင့် ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့် ပညာပေးဗီဒီယိုကားများပြသခြင်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ဖလံချိုင်ကျေးရွာတွင် ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးညိုဝင်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးညိုထွန်းတို့က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်တို့ကို ရှင်းလင်းဟောပြောသည်။ နယ်လှည့်လှုပ်ရှားမှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက်က ချောင်းဆုံကျေးရွာ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်က ရွာသစ်ကျေးရွာ၌လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နွေစပါးစိုက်ပျိုးရေး ဝက်လက်၌ ဆွေးနွေး

ဝက်လက် မတ် ၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီများသည် ဖေဖော်ဝါရီ ၂၅ ရက်က ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ စာရေးများနှင့် နွေစပါးစိုက်ပျိုးရေး ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နွေစပါးစိုက်ဧက၊ အဓိကသီးနှံ ၁၀ မျိုး၊ ဒေသထွက် ဓာတ်မြေဩဇာ သုံးစွဲကြရန်၊ စိုက်ပျိုးကြရမည့် စပါးအမျိုးအစား၊ စိုက်ပျိုးပုံနည်းစနစ်၊ လယ်ယာလုပ်ပိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများ၊ သဖန်းဆိပ်မှ နွေစပါးအတွက် ရေဖူလုံစွာရရှိပြီး ရေကို အလေအလွင့်မရှိစေရေးတို့ကို အသေးစိတ်ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(၂၃၀)**

ရွှေပြည်ရန်နိုင်ရပ်ကွက် လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၆

ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်နိုင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ငွေကျပ်ကိုးသိန်းကျော်တန် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ကျင်မြ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အရဏ်ဆွမ်းလောင်းလှူ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က လမ်းသစ်ကို ဖွင့်လှစ်ပေးပြီးနောက် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် လမ်းပြီးမြောက်အောင်မြင်ပွဲ အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၆၀၀ ကျော်တို့အား ရပ်ကွက်ပြည်သူများက အရဏ်ဆွမ်းလောင်းလှူကြကြောင်း သိရသည်။ **(၉၆)**

မတ် ၇ ရက်က ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျန်းမာရေးဦးစီးဌာနက မေးခိုင်ရောဂါကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ သူနာပြုဆရာမ ဒေါ်နီလာနှင့်အဖွဲ့ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

(၉၈)

ဦးသန်းနိုင် အား ဝမ်းမြောက်ဂုဏ်ယူခြင်း

သမ္မတနိုင်ငံကုန်နှင့်သတ်နှင်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတာရေ ဦးသန်းနိုင် အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် သာသနာ့နှင့်ဇောတဘွဲ့ ပထမဆင့် "သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

